ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 10 March 2023 ၁၁၀၃၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထက် ရငွေများပိုမိုရရှိမည်ဟု ခန့်မှန်း

## အသုံးစရိတ်နှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရရှိနိုင်မည့်ရငွေအပေါ် မူတည်ခွဲဝေလျာထားရမည်ဖြစ်ပြီး ဘတ်ဂျက်လိုငွေအခြေအနေကိုလည်း သင့်တင့်လျောက်ပတ်စွာ ထိန်းသိမ်းဆောင်ရွက်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၉

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စာမျက်နှာ ၃ ကော်လံ ၁ သို့

### ယနေ့ ဖတ်စရာ

အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ IDP စခန်းများ၌ ပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များဆောင်ရွက်နေမှုနှင့် NVC ကတ်ထုတ်ပေးနေမှုတို့ကို သွားရောက်လေ့လာ စာမျက်နှာ » ၅

အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန် စာမျက်နှာ » ၁၀

လောင်စာဆီသုံးစွဲမှုကို ရာနှုန်းပြည့်လျှော့ချနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ နိုင်ငံအနေနဲ့ပါ စရိတ်ကုန်ကျမှု အမှန်တကယ်လျှော့ချလာနိုင်မှာဖြစ်တယ် စာမျက်နှာ » ၁၅

# သတင်းအချက်အလက်နည်းပညာဖြင့် လောကကောင်းကျိုးရှေးရှုသယ်ပိုး

သတင်းအချက်အလက်နည်းပညာခေတ် (Information Age) ကို ၁၉၇၀ ပြည့်နှစ်က စတင်ခဲ့ပြီး ကွန်ပျူတာနည်းပညာနှင့်အတူ သိပ္ပံနှင့်နည်းပညာ၊ သတင်းအချက်အလက်နည်းပညာများ လျင်မြန်စွာအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး ကဏ္ဍအသီးသီးတွင် အထောက်အကူများစွာပြုလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ဆက်သွယ်ရေးနည်းပညာတွင် အင်တာနက်နှင့် လက်ကိုင်ဖုန်းနည်းပညာတို့သည် တစ်နေ့ထက်တစ်နေ့ ဆန်းသစ်လာပြီး လူသားလောကအကျိုးကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှု၊ ကျယ်ပြန့်စွာချိတ်ဆက်အသုံးပြုနိုင်မှုတို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာမျက်နှာစာအသီးသီးမှတစ်ဆင့် သတင်းအချက်အလက်များရရှိခြင်း၊ အသိပညာဗဟုသုတများ လေ့လာသင်ယူနိုင်ခြင်း၊ အပေါင်းအသင်းမိတ်ဆွေမိတ်ဟောင်း၊ မိတ်သစ်များနှင့် စဉ်ဆက်မပြတ် ရင်းနှီးချစ်ကြည်ထိတွေ့ဆက်ဆံမှုများတိုးတက်လာခြင်း၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများရရှိခြင်းစသည့်အကျိုးကျေးဇူးများစွာရရှိပြီး နေ့စဉ်လူမှုဘဝများတွင် များစွာအထောက်အကူပြုနေသည်။ တိုးတက်ဖြစ်ထွန်းကောင်းကျိုးပြုခြင်းများနှင့်အတူ ဆုတ်ယုတ်ပျက်စီး အန္တရာယ်ဖြစ်စေနိုင်သည့်အချက်များကိုလည်း သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာနည်းပညာအသုံးပြုမှုကို ၁၉၇၀ ပြည့်လွန်နှစ်ကာလများမှ စတင်အသုံးပြုလာပြီး ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုကို ၂၀၀၀ ပြည့်လွန်ကာလများမှစ၍ တစ်နှစ်ထက်တစ်နှစ် တွင်ကျယ်စွာအသုံးပြုလာသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံအတွင်းရှိ အိမ်ထောင်စုများအားလုံး၏ ၈၆ ရာခိုင်နှုန်းခန့်သည် အနည်းဆုံး လက်ကိုင်ဖုန်းတစ်လုံးပိုင်ဆိုင်ထားကြပြီး လက်ကိုင်ဖုန်းနှင့်အတူ အင်တာနက်အသုံးပြုနိုင်မှုအပိုင်းတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအားလုံး၏ ၅၆ ရာခိုင်နှုန်းသည် အိမ်သုံးအင်တာနက် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။ အင်တာနက်အသုံးပြုမှုသည် မြို့ပြတွင် ၇၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၄၈ ဒသမ ၈ ရာခိုင်နှုန်းအသုံးပြုနေသည်ကို အံ့မခန်းတွေ့ရှိရသည်။ ထိုသို့ ဆက်သွယ်ရေးနည်းပညာကို ကျယ်ပြန့်စွာအသုံးပြုကြရာတွင် လူသားအကျိုးပြုလုပ်ငန်းများ၌ ထိရောက်စွာအသုံးပြုနိုင်ပါက နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခွင့်အလမ်းများကို ပြည်သူအများစုရရှိနေပြီဖြစ်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ ကျားမတန်းတူညီမျှစွာဖြင့် အရောက်လှမ်းနိုင်ရန် ကြိုးပမ်းအားထုတ်သင့်သည်။ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုအကြောင်းပြု၍ တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်အသိပညာဆိုင်ရာ ကျားမရေးရာ အလေးထားချဉ်းကပ်မှုနှင့် မြှင့်တင်ဆောင်ရွက်မှု၊ နည်းပညာများ စဉ်ဆက်မပြတ်လက်လှမ်းမီရရှိမှု၊ နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပေသည်။ "သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)"၏ အခန်း(၅) "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍ" မဏ္ဍိုင်(၁) "အခွင့်အလမ်းနှင့်လူတိုင်းအကျုံးဝင်မှု"တွင် ကျားမရေးရာမူဝါဒကို ရေးဆွဲထားသည်။ အဆိုပါမဟာဗျူဟာစီမံကိန်းကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ထားသည်။

နည်းပညာကို လက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်သည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီ အသုံးပြုနိုင်မည်ဆိုလျှင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်မည်ဖြစ်ကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား မှီခိုမှုကင်းစွာဖြင့် ဆောင်ရွက်လာနိုင်မည်ဖြစ်သောကြောင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအကျိုးသက်ရောက်လာမည်ဖြစ်သည်။ သို့သော် ဆန်းသစ်သည့်နည်းပညာများ တိုးတက်လာခြင်းနှင့်အတူ တစ်ဖက်တွင်လည်း နည်းပညာကိုအသုံးပြု၍ အွန်လိုင်းပေါ်မှ ငွေကြေးလိမ်လည်မှုများ၊ အမျိုးသမီးများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများ၊ အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုများ၊ အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အတင်းအကျပ်ခိုင်းစေမှုများရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ သတင်းအချက်အလက်နှင့် နည်းပညာဆန်းသစ်မှုများ ပေါ်ထွန်းနေသည့်ခေတ်ကာလတွင် ပြည်သူများအနေဖြင့် နည်းပညာကိုအသုံးပြု၍ လက်လှမ်းမီသည့် တီထွင်ဆန်းသစ်မှုများ၊ အသိပညာဗဟုသုတများ တိုးတက်ရှာဖွေမှုများ၊ လူမှုဆက်ဆံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးတက်ရှာဖွေလုပ်ကိုင်နိုင်ရန် ကြိုးစားအားထုတ်ပြီး သတင်းအချက်အလက်နှင့် နည်းပညာပေါ်မှ မမှန်မကန်ဆောင်ရွက်မှုများ၊ လိမ်ညာလှည့်ဖြားမှုများနှင့် လမ်းမှားရောက်အောင် ပို့ဆောင်နေမှုများကို သတိပြုရှောင်ရှားဆင်ခြင်နိုင်ကြစေရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ဘားအံ မတ် ၉

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိရာ မတ် ၉ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ထွဋ်နှင့် ဝန်ထမ်းများသည် ဘားအံမြို့ လှိုင်းဘုံကျေးရွာ အုပ်စု သုခဝတီသီလရှင်စာသင်တိုက်ရှိ သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၁၃ | ၁၀၇,၉၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၃၇၄ | ၄,၄၆၅,၅၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၁,၀၃၈ | ၁,၇၁၂,၉၅၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၂ | ၅,၃၀၀ |
| EFR | ၂,၆၅၀ | ၂,၇၀၀ | ၃၁၆ | ၈၄၄,၈၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၉၁ | ၄၄၅,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၁၇.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၉၁၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၄.၅၀ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၁၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၇.၉ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၃.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၂.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်တင်ပြလာသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏အရ အသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်သည့်အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်တို့ကို အခြေခံ၍ ဘဏ္ဍာနှစ်အလိုက်၊ ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကြိုတင်စိစစ်တင်ပြလာသည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေလျာထားချက်စာရင်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့နှင့် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကာ ထပ်ဆင့်စိစစ်သွားမည်ဖြစ်ကြောင်း။

**စိစစ်ဆောင်ရွက်**

ယခု အချိန်ကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်းကို ကောင်းစွာထိန်းချုပ်ထားနိုင်သည့် အခြေအနေတွင်ရှိပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်လာပြီဖြစ်သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထက် ရငွေများပိုမိုရရှိမည်ဟု ခန့်မှန်းပါကြောင်း၊ အသုံးစရိတ်နှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရရှိနိုင်မည့်ရငွေအပေါ် မူတည်ခွဲဝေလျာထားရမည်ဖြစ်ပြီး ဘတ်ဂျက်လိုငွေအခြေအနေကိုလည်း သင့်တင့်လျောက်ပတ်စွာ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များနှင့် မသုံးသင့်မသုံးထိုက်သည့် အသုံးစရိတ်များကို စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ရှင်းလင်းတင်ပြစဉ်။

**ဦးစားပေးအလိုက် ခွင့်ပြုပေးသွားရမည်**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် မဖြစ်မနေခွင့်ပြုရသည့် လစာနှင့်စရိတ်များ၊ လုပ်အားခများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များအပါအဝင် သာမန်အသုံးစရိတ်များနှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးသုံးစွဲရမည့် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်အပါအဝင် ငွေလုံးငွေရင်း အသုံးစရိတ်များကို သုံးစွဲသွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအသုံးစရိတ်များ၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးအစီအစဉ်များအလိုက် ခွင့်ပြုပေးသွားရမည်ဖြစ်ကြောင်း။

**တတ်နိုင်သမျှလျှော့ချသုံးစွဲ**

စက်သုံးဆီသုံးစွဲမှုနှင့်ပတ်သက်၍ စက်သုံးဆီများသည် ကမ္ဘာနှင့်တစ်ဝန်း ဈေးနှုန်းမြင့်တက်နေသည့် အခြေအနေဖြစ်ကြောင်း၊ ပြည်ပမှ မှာယူတင်သွင်းရပြီး ဈေးနှုန်းကြီးမြင့်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှုလျော့နည်းစေရန်နှင့် အသုံးစရိတ်များမြင့်မားမှုကို ရှောင်ရှားသည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုများကို တတ်နိုင်သမျှလျှော့ချသုံးစွဲသွားကြရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် စက်သုံးဆီသုံးစွဲမှုများကို အုပ်ချုပ်မှုသုံးအတွက်ဖြစ်စေ၊ လုပ်ငန်းသုံးအတွက်ဖြစ်စေ စိစိစစ်စစ်ခွင့်ပြုပေးသွားမည်ဖြစ်၍ စိစိစစ်စစ်သုံးစွဲသွားကြရမည်ဖြစ်ကြောင်း၊ ရုံးသစ်များ၊ ဝန်ထမ်းအိမ်ရာအသစ်များ ဆောက်လုပ်ခြင်းများနှင့်ပတ်သက်၍ သာမန်အားဖြင့်ခွင့်ပြုမည်မဟုတ်ဘဲ လိုအပ်ချက်အပေါ်မူတည်၍ နယ်မြေဒေသအခြေအနေ၊ လုံခြုံရေးအခြေအနေများအရ ခွင့်ပြုသွားမည် ဖြစ်ကြောင်း၊ ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးစက်ပစ္စည်း၊ ပရိဘောဂများ ဝယ်ယူခြင်းနှင့်ပတ်သက်၍ Luxury ပစ္စည်းများဝယ်ယူခြင်းကို ခွင့်ပြုမည်မဟုတ်ဘဲ ဌာနအတွက် လိုအပ်သည့်အခြေအနေနှင့်ယခင် ဝယ်ယူထားသည့်အခြေအနေတို့ကို စိစစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

ယခု ညှိနှိုင်းအစည်းအဝေးတွင် အချို့ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာအကြီးအကဲများ၏ လတ်တလောညွှန်ကြားချက်နှင့် မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်ပေးချက်များအရ ထပ်မံတင်ပြမည့် အချက်များကို ပွင့်လင်းစွာတင်ပြဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်သည့်အချိန်တွင် ဌာန၊ အဖွဲ့အစည်းများ၏ လျာထားချက်များအပေါ် အကျေအလည်ညှိနှိုင်းပြီး စိစစ်ထားပြီးဖြစ်သည်ဟုသိရကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေလျာထားချက်များနှင့် အသုံးစရိတ်လျာထားချက်များအပေါ်တွင် ပြင်ဆင်ရန်ရှိပါက ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း၊ အမှန်တကယ်ဆောင်ရွက်ရမည့် အခြေအနေအရလည်းကောင်း တင်ပြရန်ရှိပါက ဆက်လက်တင်ပြနိုင်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများမှ ရေးဆွဲတင်ပြလာသော ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပြီးဖြစ်သော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြကြရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် မဖြစ်မနေခွင့်ပြုရသည့် လစာနှင့် စရိတ်များ၊ လုပ်အားခများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များ အပါအဝင် သာမန်အသုံးစရိတ်များနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးသုံးစွဲရမည့် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်အပါအဝင် ငွေလုံးငွေရင်းအသုံးစရိတ်များကို သုံးစွဲသွားကြရမည်**

❖ **လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမည့် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအသုံးစရိတ်များ၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးအစီအစဉ်များအလိုက် ခွင့်ပြုပေးသွားရမည်**

## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို ၂၈-၄-၂၀၂၀ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက် အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့်တွေ့ဆုံပြီး ရင်ခွင်မဲ့ကလေးများ ရန်ပုံငွေပေးအပ်ချီးမြှင့်ပွဲ တက်ရောက်ချီးမြှင့်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရင်ခွင်မဲ့ကလေးများ ရန်ပုံငွေပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် မတ် ၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင် များ၊ စာပေဗိမာန်စာမူဆု စိစစ် ရွေးချယ်ရေးအဖွဲ့မှ စာပေ ပညာရှင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး က အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲသည် အမျိုးသား တစ်သက်တာစာပေဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးရန် ဖြစ်ပါကြောင်း၊ ဆုရွေးချယ် ချီးမြှင့်ပွဲများကို နိုင်ငံတော်အစိုးရအဆက်ဆက်က တန်ဖိုးထားကာ အလေးအနက် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ လက်ထက်တွင် ဆုပေးပွဲ အခမ်း အနားကို နှစ်ကြိမ်တိုင် နိုင်ငံတော် အဆင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက် ချီးမြှင့်ခဲ့ပါကြောင်း။

**စိတ်ရင်းစေတနာ အမှန်ဖြင့် ဆောင်ရွက်ခဲ့**

ပြန်ကြားရေး ဝန်ကြီးဌာန အနေဖြင့် တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုနှင့် စာပေ ဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်ပြီး တာဝန်ကျေ မဟုတ်ဘဲ စိတ်ရင်းစေတနာ အမှန်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ စာပေပညာရှင်ကြီးများ အနေဖြင့် လည်း အမျိုးသားတစ်သက်တာ စာပေဆုအတွက် အသက်အရွယ် အရ၊ စာပေပညာအရ ပေးသင့် ပေးထိုက်သူ၊ ရသင့်ရထိုက်သူများ မကျန်ရှိစေရန်စိစစ်ရွေးချယ်ပေး နိုင်ရန် အကြံပြုပါကြောင်း၊ စာပေ လောကကြီး တိုးတက်ဖွံ့ဖြိုးမှုရှိ စေရေးအတွက် စာပေပညာရှင် ကြီးများက ဝိုင်းဝန်းကြပ်မတ်ပေး စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က စာပေဆု၊ စာမူဆုရွေးချယ်ရေး နှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိ မှုများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစာပေ ဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဆရာဦးစိန်လှိုင်(သုရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ် ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် တွေ့ဆုံ ပွဲသို့ တက်ရောက်လာကြသည့် စာပေ ပညာရှင်ကြီးများက ဆုရွေးချယ်မှုဆိုင်ရာ လုပ်ငန်းများ ပြင်ဆင်ထားရှိမှုများကို လည်း ကောင်း၊ စာအုပ်များ လက်ခံရရှိမှု၊ ဆုရွေးချယ်ရေးဆိုင်ရာ လုပ်ငန်း များ စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေး ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး က တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ပြီး နိဂုံးချုပ်အမှာစကားပြောကြား ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ရုပ်ရှင်ဖွံ့ဖြိုး တိုးတက်ရေးစင်တာ၌ ပြုလုပ် သည့် (၇၈)နှစ်မြောက် တပ်မတော် နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရင်ခွင်မဲ့ကလေးများ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ရင်ခွင်မဲ့ ကလေးများအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနား သို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာပြည်သိန်းတန် နှင့် ရင်ခွင်မဲ့ကလေးများ စုပေါင်း သီဆိုထားသည့် ကြယ်စင်လေး များ သီချင်းအား Video Clip ဖွင့်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး က နိုင်ငံတစ်ဝန်းတွင် အကြောင်း အမျိုးမျိုးကြောင့် ရင်ခွင်မဲ့ဖြစ်နေ ကြသည့်ရင်သွေးရတနာလေးများ နှင့် ဘဝအခြေအနေချို့တဲ့နေကြ သည့် ကလေးများစွာရှိပါကြောင်း၊ ထိုကဲ့သို့ ရင်ခွင်မဲ့နေကြသည့် ကလေးများကို စနစ်တကျပြုစု ပျိုးထောင်ပြီး တန်ဖိုးရှိသော လူချွန် လူကောင်းများ ဖြစ်ပေါ်လာ စေရန်အတွက် မေတ္တာဖြင့် ထုံမွမ်း ၍ ဝိုင်းဝန်းကူညီစောင့်ရှောက် ရမည်ဖြစ်ပါကြောင်း။

**လူချွန်လူကောင်းများ ဖြစ်လာစေမည်**

ရင်ခွင်မဲ့နေကြသည့် ကလေး များအား စာနာနားလည်မှုနှင့် ပံ့ပိုး ကူညီမှုတို့ဖြင့် နွေးထွေး၊ အေးချမ်း ပျော်ရွှင်သည့် မေတ္တာရင်ခွင်တစ်ခု ဖန်တီးပေးပြီး ၎င်းတို့၏ ပညာ သင်ကြားရေး၊ စားဝတ်နေရေး စသည့် လိုအပ်ချက်များကို ဝိုင်းဝန်းကူညီ စောင့်ရှောက်၍ စနစ်တကျပြုစုပျိုးထောင်ပေးမည် ဆိုလျှင် နိုင်ငံအတွက် အားကိုး အားထားပြုရသည့် လူချွန် လူကောင်းများ ဖြစ်လာစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက လူငယ်ဖွံ့ဖြိုး ရေး ပရဟိတဂေဟာနှင့် ပရဟိတ အသင်းအဖွဲ့များကို ပံ့ပိုးပေးပြီး ရင်ခွင်မဲ့ ကလေးများအတွက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေး လျက်ရှိပါကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာန အနေဖြင့် ရင်ခွင်မဲ့ကလေးသူငယ် များ ဝိုင်းဝန်းကူညီစောင့်ရှောက် ပေးရေးကို တတ်စွမ်းသမျှ ဆောင်ရွက်ပေးလျက် ရှိပါ ကြောင်း၊ မိဘရင်ခွင်မဲ့နေကြသည့် ရင်သွေးရတနာလေးများနှင့် ဘဝ အခြေအနေ ချို့တဲ့နေကြသည့် ကလေးသူငယ်များအား ထောက်ပံ့ ကူညီနိုင်ရေးအတွက် "ကြယ် ကလေးများ၏ အနာဂတ်" တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် ညတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ နိုင်ငံကျော်အဆိုတော် မြန်မာပြည် သိန်းတန်နှင့်အတူ အသက် လေးနှစ်မှ အသက် ၂၀ အရွယ် အထိ ရင်ခွင်မဲ့ကလေးများက တေးသီချင်းများဖြင့် သီဆို ဖျော်ဖြေခဲ့ကြပါကြောင်း၊ ရင်ခွင့်မဲ့ ကလေးငယ်များအား ပညာ သင်ကြားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် လူမှုဘဝတစ်လျှောက် ယုံကြည်မှု အပြည့်ဖြင့် လျှောက်လှမ်းနိုင် ရန်အတွက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြရမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာပြည် သိန်းတန်က ရင်ခွင်မဲ့ကလေးများ အတွက် ရန်ပုံငွေရရှိရေး ဆောင်ရွက်ခဲ့မှုကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင် မြင့်နှင့် မြန်မာနိုင်ငံ သဘင်အစည်း အရုံး(ဗဟို)မှ အလုပ်အမှုဆောင် ဦးဌေးလွင်တို့က ရင်ခွင်မဲ့ကလေး များအတွက် ရန်ပုံငွေများကို ပေးအပ်လှူဒါန်းရာ နန်းဦး ပရဟိတကျောင်း၊ မင်္ဂလာလူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ကမာဆွဲ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ကလေးဝတောရ ဘုန်းတော်ကြီး သင်ပညာသင်ကျောင်း၊ မေတ္တာ ဝါဒီလူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာ၊ ပညာ့သိပ္ပံလူငယ်ဖွံ့ဖြိုး ရေးပရဟိတဂေဟာ၊ လပြည်ဝန်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ အောင်ဇေယျာမင်း လူငယ်ဖွံ့ဖြိုး ရေးပရဟိတဂေဟာ၊ ခိုင်နှင်းဝေ ရင်သွေးလေးများ ဂေဟာနှင့် ရတနာ့ဗိမာန်ပရဟိတကျောင်း တို့မှ တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်း မောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာနိုင်ငံ သဘင် အစည်းအရုံး(ဗဟို)မှ အမှုဆောင် ဦးဌေးလွင်တို့က မုဒိတာစကား များ ပြောကြားပြီး ပရဟိတကျောင်း များကိုယ်စား ခိုင်နှင်းဝေရင်သွေး လေးများဂေဟာမှ ဒေါ်ခိုင်နှင်းဝေ က ကျေးဇူးတင်စကား ပြောကြား ခဲ့သည်။ **သတင်းစဉ်**

## မလှိုင်မြို့နယ် ထန်းပင်ကန်-မှရီးအမြန်လမ်း(မှရီးအမြန်လမ်းပိုင်း)ကတ္တရာလမ်းသစ်ဖွင့်

မလှိုင် မတ် ၉

(၇၈)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မလှိုင် မြို့နယ် ထန်းပင်ကန်-မှရီးအမြန်လမ်း (မှရီးအမြန်လမ်းပိုင်း)ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၇ ရက်တွင် အဆိုပါလမ်းပေါ် ရှိ မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကတ္တရာလမ်းသစ်အား အမှတ်(၁) ခတင်(၅၀၀)စစ်ဆေးရုံ တပ်မှူး ဗိုလ်မှူးချုပ်ထွန်းထွန်းအောင်၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်စိုး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့သည်။

အဆိုပါ ကတ္တရာလမ်းအား တိုင်းဒေသ ကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၃၀ ဖြင့် ထုးပြည့်သာကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

❖

# အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ IDP စခန်းများ၌ ပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များဆောင်ရွက်နေမှုနှင့် NVC ကတ်ထုတ်ပေးနေမှုတို့ကို သွားရောက်လေ့လာ

**စစ်တွေ မတ် ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Center)မှ ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ IDP စခန်း ပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်မှုများနှင့် NVC ကတ်ထုတ်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ မတူကွဲပြားမှုများရှိသော်လည်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့် ပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ (ဆင့်ပွား)သင်တန်းသို့ ရောက်ရှိရာ သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ သင်တန်းတွင် သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံ စက်ချုပ်သင်တန်းသို့ ရောက်ရှိပြီး သင်တန်းတွင် တက်ရောက် သင်ကြားလျက်ရှိသည့် ဒေသခံတိုင်းရင်းသူများနှင့် IDP စခန်းများမှ အမျိုးသမီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အဖွဲ့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ အခြေခံစက်ချုပ်သင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသည့် IDP စခန်းများမှ အမျိုးသမီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ကျောက်ဖြူလေဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ကျောက်တစ်လုံး IDP စခန်းသို့ ရောက်ရှိကြကာ စခန်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ IDP စခန်းအတွင်းရှိမိသားစုဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးက IDP စခန်း ပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က IDP စခန်းအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက IDP စခန်းရှိ အိမ်ထောင်စု ၃၇၅ စုအတွက် Family Kit များကို ထောက်ပံ့ပေးအပ်ရာ IDP စခန်းစီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများနှင့် IDP စခန်းရှိ မိသားစုများက လက်ခံရယူကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကျောက်တစ်လုံး IDP စခန်းရှိ အိမ်ထောင်စုများအတွက် Family Kit များ ထောက်ပံ့ပေးအပ်စဉ်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အမျိုးသမီးများအား နည်းမျိုးစုံ အကြမ်းဖက်ခြင်းမှ စောင့်ရှောက်သည့် ဂေဟာ (OSWSC)သို့ ရောက်ရှိကြပြီး ဂေဟာရှိစောင့်ရှောက်ခံအမျိုးသမီးများနှင့် ကလေးငယ်များကို အားပေးစကား ပြောကြားကာ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကလေးကစားစရာများကို ထောက်ပံ့ပေးအပ်ကြသည်။

**လက်ခံရယူ**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က IDP စခန်းရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ IDP စခန်း မူလတန်းလွန်ကုလားပိုက်ဆိပ်ကျောင်း တာဝန်ခံနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက IDP စခန်းအသစ် ပြန်လည်နေရာချထားမည့်နေရာတွင် နေအိမ်မရရှိသေးသည့် အိမ်ထောင်စုခုနစ်စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၀၅ သိန်းကို ပေးအပ်လှူဒါန်းရာ မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက IDP စခန်းရှိ ဆေးပေးခန်းအတွက် ဆေးရုံသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ အုန်းတောကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်တစ်လုံး IDP စခန်းမှ ထွက်ခွာလာကြရာ ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ရုံတာဝန်ရှိသူတစ်ဦးက ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းအဆောက်အအုံပုံစံငယ်ကို ရှင်းလင်းပြသပြီး စက်ရုံဝင်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အဖွဲ့ ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်း အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ သက္ကေပြင် IDP စခန်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ထုတ်ပေးနေမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သက္ကေပြင် IDP စခန်းမှ ထွက်ခွာလာကြပြီး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ် ဆိပ်ကမ်းအရာရှိချုပ် ဦးနေဦးက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်း သယ်ယူပို့ဆောင်ရေး စီမံကိန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဆိပ်ကမ်းကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု

လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းကို ကမ္ဘာ့နိုင်ငံများအားလုံးက အင်တိုက်အားတိုက်နှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

**ဒေါက်တာပြည့်ထူး (FDA)**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှသာလျှင် ထိရောက်သည့် တိုးတက်မှုရလဒ်များကို ရရှိနိုင်မည်ဖြစ်ပြီး အဓိကကျသော စွမ်းအားစုကြီးဖြစ်သည့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများဖြစ်ပေါ်လာရေးအတွက် နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လွန်စွာပင်အရေးကြီးလှသည်။ ယနေ့ကမ္ဘာတစ်ဝန်းတွင် ဗိုင်းရပ်စ်ပိုးအမျိုးမျိုးနှင့် ကိုဗစ်-၁၉ နှင့် သွေးလွန်တုပ်ကွေးရောဂါတို့၏ မျိုးရိုးဗီဇပြောင်းလဲခြင်းတို့ကြောင့် ပြင်းထန်သောကူးစက်ရောဂါများနှင့် ကပ်ရောဂါဖြစ်ပွားမှုကို ရင်ဆိုင်ရလျက်ရှိသည်။



သက်ကြီးဆရာဝန်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာနေသော ကမ္ဘာကြီးအနေဖြင့် စီးပွားရေးနှင့် လူမှုရေး မညီမျှမှုများ တိုးပွားလာခြင်း၊ မြို့ပြအလျင်အမြန်ဖွံ့ဖြိုးလာခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်မှုများ၊ အိပ်ချ်အိုင်ဗွီနှင့် အခြားကူးစက်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးများနှင့် သွေးတိုးနှင့် ဆီးချိုတို့ကဲ့သို့သော မကူးစက်သည့်ရောဂါများ ဖြစ်ပွားမှုမြင့်မားလာခြင်း စသည်တို့ကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည်။ ကျန်းမာရေးကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်



လယ်ဝေးမြို့နယ်၌ ကျောင်းအခြေပြု မျက်စိစမ်းသပ်စစ်ဆေးဆောင်ရွက်စဉ်။

ရေးတွင် အခြေခံအကျဆုံးဖြစ်သည့်အတွက်ကြောင့် နောင်အနာဂတ်ကာလတွင် တိုးတက်ပြောင်းလဲလာမည့် လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ကြိုတင်တွက်ဆကာ ရှိရင်းစွဲအရင်းအမြစ်များကို အခြေခံ၍ မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝစွာဖြင့် လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်နေစေရန် လိုအပ်လျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးဆိုသည်မှာ လူတစ်ဦးချင်းစီကိုသော်လည်းကောင်း၊ ပြည်သူများအားလုံးကိုသော်လည်းကောင်း ပေးအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများသည် မိမိတို့ဆန္ဒရှိသည့် ကျန်းမာရေးရလဒ်များဖြင့် လူနေမှုဘဝမြင့်တက်လာစေသည့် တိုင်းတာချက်ကို ခေါ်ဆိုခြင်းဖြစ်သည်။ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုသည် အထောက်အထား အခြေပြုပညာရပ်ဆိုင်ရာ အသိပညာ (Evidence-based Professional Knowledge) အပေါ် အခြေခံကာ အားလုံးလွှမ်းခြုံနိုင်သည့် ကျန်းမာရေး (Universal Health Coverage)စနစ်ကို ရရှိလာစေရန်အတွက် အရေးပါသည့် အချက်တစ်ချက်လည်း ဖြစ်သည်။ နိုင်ငံတိုင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၃) ဖြစ်သည့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံများအားလုံးအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု (Health Care) နှင့် ကျန်းမာရေးဝန်ဆောင်မှု (Health Services) များ၏ အရည်အသွေးကို ဂရုတစိုက်ထည့်သွင်းစဉ်းစားရန် အထူးလိုအပ်သည်။

### ရည်ရွယ်ချက်နှစ်ခုကို ချမှတ်ထား

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး" ဆိုသည့်အချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းချမှတ်ထားပြီး ဖြစ်သည်။ တစ်နည်းအားဖြင့် အရည်အသွေးကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ဖြစ်ပွားလာစေရေးကို အဓိက အလေးထားဆောင်ရွက်ရန် ဦးတည်ထားခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း သက်တမ်းအပြည့် ရှိစေရန်နှင့် သက်ရှည်ကျန်းမာစွာနှင့် နိုင်ငံသားတိုင်း ရောဂါဘယကင်းဝေးစေရေးဟူသည့် ရည်ရွယ်ချက်နှစ်ခုကို ချမှတ်ထားသည်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံးအတွက် အရည်အသွေးပြည့်ဝသော၊ မရှိမဖြစ်လိုအပ်သည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုးဘာသာမရွေး၊ အသက်အရွယ်၊ ကျားမ မရွေး၊ မြို့ပြနှင့် ကျေးလက်ဒေသများရှိ ပြည်သူတိုင်း လက်လှမ်းမီလွယ်လင့်တကူရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

### မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ

ထိုသို့ ကျန်းမာရေးစနစ်အဆင့်ဆင့်ကို ပိုမိုအားဖြည့် ဆောင်ရွက်ကြရာတွင် ကျန်းမာရေးစနစ်၏အခြေခံအုတ်မြစ် ခြောက်ခုအနက် တစ်ခုဖြစ်သည့် ကျန်းမာရေးပညာရှင်များ၏ စွမ်းဆောင်ရည်မြင့်မားမှုအတွက် ၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ **"အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု"** ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) (Myanmar Health Sciences Conference-MHSC 2023)ကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်းနှီးနှောဖလှယ်ပွဲသို့ ပြည်တွင်း၊ ပြည်ပရှိ ကျန်းမာရေး နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ စုဝေးတက်ရောက်ကြမည်ဖြစ်သည်။

> **နှီးနှောဖလှယ်ပွဲမကျင်းပမီ အကြိုလှုပ်ရှားမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အခြေခံအသက်အထောက်အကူပြုသင်တန်း၊ USG သင်တန်း၊ အခြေခံဓာတ်ခွဲနည်းသင်တန်း၊ ရောဂါဗေဒ-ဓာတ်ခွဲခန်းရောဂါရှာဖွေရေး၊ ကျောင်းကျန်းမာရေးအခြေပြုအမြင်စစ်ဆေးမှု၊ ရပ်ရွာအခြေပြုမျက်စိအတွင်းတိမ်ခွဲစိတ်မှု၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်း၊ သက်ကြီးဆရာဝန်များအား ကျန်းမာရေးအခမဲ့စစ်ဆေးပေးခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နှီးနှောဖလှယ်ပွဲ၌ မတူညီသော ဆေးဘက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ဆေးရုံလှုပ်ရှားမှုများအလိုက် ခင်းကျင်းပြသခြင်း၊ စာတမ်းဖတ်ပွဲနှင့် အထူးဟောပြောပွဲများ ပြုလုပ်သွားမည်**

အဆိုပါ နှီးနှောဖလှယ်ပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျန်းမာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များ ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း သင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာရေးကဏ္ဍ နယ်ပယ်စုံမှ ပညာရှင်များ ပါဝင်ဆင်နွှဲစေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ဆေးနှင့် ဆေးနီးနွယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်များ ဖြစ်ထွန်းစေရန်နှင့် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

### စာတမ်းဖတ်ပွဲနှင့် အထူးဟောပြောပွဲများ ပြုလုပ်သွားမည်

ယင်းနှီးနှောဖလှယ်ပွဲ မကျင်းပမီ အကြိုလှုပ်ရှားမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အခြေခံ အသက်အထောက်အကူပြုသင်တန်း၊ USG သင်တန်း၊ အခြေခံဓာတ်ခွဲနည်းသင်တန်း၊ ရောဂါဗေဒ- ဓာတ်ခွဲခန်း ရောဂါရှာဖွေရေး၊ ကျောင်းကျန်းမာရေးအခြေပြုအမြင်စစ်ဆေးမှု၊ ရပ်ရွာအခြေပြု မျက်စိအတွင်းတိမ်ခွဲစိတ်မှု၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်း၊ သက်ကြီးဆရာဝန်များအား ကျန်းမာရေးအခမဲ့စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နှီးနှောဖလှယ်ပွဲ၌ မတူညီသော ဆေးဘက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆေးရုံလှုပ်ရှားမှုများအလိုက် ခင်းကျင်းပြသခြင်း၊ စာတမ်းဖတ်ပွဲနှင့် အထူးဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မတ်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တို့တွင် ကျင်းပမည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ၌ ဆေးနှင့်ကျန်းမာရေး သိပ္ပံဆိုင်ရာ နယ်ပယ်ပေါင်းစုံမှ တတ်သိကျွမ်းကျင်ပညာရှင်များ၏ အသိပညာမျှဝေမှုများနှင့် အပြန်အလှန်ဆွေးနွေးမှုများမှ ရရှိလာမည့်ရလဒ်များသည် နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာလာစေရန် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

ထို့အပြင် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုများအပေါ်၌ "မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ"က ၎င်းရည်ရွယ်ချက်များကို အောင်မြင်စေရန်ကြီးမားသည့်အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေမည်ဟု လေးလေးနက်နက်ယုံကြည်မိကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# စိုက်ပျိုးရေးဦးစီးဌာန၏ (၅)ကြိမ်မြောက် စာတမ်းဖတ်ပွဲ အကောင်းဆုံးစာတမ်းဆုများ ရွေးချယ်ချီးမြှင့်




နေပြည်တော် မတ် ၉

**"အသုံးချသုတေသနများမှသည် ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေးကဏ္ဍဆီသို့"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် စိုက်ပျိုးရေးဦးစီးဌာန၏ (၅)ကြိမ်မြောက် စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ တက်ရောက်လေ့လာကြသူ လူငယ်ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်စိုက်ပျိုးရေးဌာနများမှ စာတမ်းရှင်များ၊ လူငယ်စွန့်ဦးပညာရှင်များနှင့် အွန်လိုင်းစနစ်ဖြင့် လေ့လာသူ ၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရွေးဦးစွာ အလှည့်ကျစာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် စာတမ်းများ တင်သွင်းဖတ်ကြားကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စားနပ်ရိက္ခာနှင့် စက်မှုလုပ်ငန်းကုန်ကြမ်းများ ပြည့်ဝဖူလုံရန်အတွက် အဓိက သီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ မြေသယံဇာတ၊ ရေသယံဇာတအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာအသုံးချပြီး စိုက်ပျိုးမြေ တစ်ဧကချင်း၏ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေး၊ စီးပွားရေးအရ တွက်ခြေကိုက်သော ထုတ်လုပ်မှုဖြစ်စေရေးတို့အတွက် မိမိတို့ကျွမ်းကျင်ရာပညာရပ်များဖြင့် အကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိဘဝသမိုင်း မှတ်တိုင်ကောင်းကို စိုက်ထူသွားကြစေလိုကြောင်း၊ ယခုကျင်းပသည့် စာတမ်းဖတ်ပွဲသည် ဌာနအတွင်းရှိ လူငယ်ပညာရှင်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နည်းပညာဖလှယ်ရေးသာမက စာတမ်းဖတ်ပွဲမှရရှိသည့် ရလဒ်များ၊ အကြံပြုချက်၊ သုံးသပ်ချက်များကို မှတ်တမ်းတင်ပြုစုပြီး နောင်တွင် ဌာနက ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ကိုးကားချက်အထောက်အထားများအဖြစ် အသုံးပြုနိုင်ရေးနှင့် လက်တွေ့နယ်ပယ်တွင် တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် နည်းပညာပေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုဆောင်ရွက်ရန်လိုကြောင်း၊ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများ၊ တောင်သူနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ အကျိုးဆောင်တောင်သူများ ပူးပေါင်းပါဝင်သော နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးဦးစီးဌာန (၅)ကြိမ်မြောက် စာတမ်းဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ဆုရွေးချယ်ခြင်းဆိုင်ရာ အမှတ်ပေးစနစ်များ၊ ဆုရစာတမ်းများကို ပုံနှိပ်ထုတ်ဝေရေးနှင့် လက်တွေ့လုပ်ငန်းခွင်များတွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က စိုက်ပျိုးရေးဦးစီးဌာန၏ (၅)ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဆုရွေးချယ်ခံရသည့် ဆုရစာတမ်းရှင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မတ် ၇ ရက်မှ ၉ ရက်အထိ စိုက်ပျိုးရေးဦးစီးဌာန လူငယ်စွန့်ဦးပညာရှင်များအဖွဲ့ (YSI)က တာဝန်ယူဆောင်ရွက်သည့် (၅)ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဌာနခွဲများ၊ သုတေသနခြံများ၊ မျိုးစေ့ထုတ်ခြံများ၊ မျိုးသန့်ခြံများမှ လူငယ်ပညာရှင်များ၊ တိုင်းဒေသကြီး ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများက ၎င်းတို့၏ လက်တွေ့လုပ်ငန်းခွင်များ၊ သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်း အတွေ့အကြုံများကို အခြေခံ၍ စာတမ်းများ ပြုစုတင်ပြခဲ့ကြခြင်းဖြစ်ကြောင်း၊ တက်သစ်စလူငယ်ပညာရှင်အုပ်စုနှင့် အတွေ့အကြုံကောင်းရှိသူ လူငယ်ပညာရှင်အုပ်စုတို့က အာဟာရဆိုင်ရာစာတမ်း ရှစ်စောင်၊ အပင်ဇီဝနည်းပညာဆိုင်ရာစာတမ်း ငါးစောင်၊ စိုက်ပျိုးနည်းစနစ်ဆိုင်ရာစာတမ်း ၁၆ စောင်၊ သီးနှံမျိုးကွဲ ဖွံ့ဖြိုးဆိုင်ရာစာတမ်း ၁၄ စောင်၊ စိုက်ပျိုးစီးပွားဆိုင်ရာစာတမ်း ကိုးစောင်၊ မြေဆီလွှာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစာတမ်း လေးစောင်၊ သီးနှံကာကွယ်ရေးဆိုင်ရာစာတမ်း တစ်စောင် စုစုပေါင်း စာတမ်း ၅၇ စောင် ဖတ်ကြားတင်သွင်းမှုအပေါ် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အလှည့်ကျအမှတ်ပေးအဖွဲ့များက အကဲဖြတ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၉

ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် တည်ထောင်ထားပြီး ထိခိုက်ခံစားရသူတို့၏ လူမှုရေးဆိုင်ရာပြဿနာများ ဖြေရှင်းရာတွင် စနစ်တကျ လေ့ကျင့်ပေးထားသော လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများကို အရည်အသွေးမြင့်မားစေရန်အတွက် ရည်ရွယ်ခြင်းဖြစ်၍ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများ၏ အကူအညီဖြင့် ရပ်ရွာအတွင်းရှိ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြု၍ စီမံခန့်ခွဲဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၂) တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်း ငါးဦး၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ ၁၅ ဦး၊ ဦးစီးဌာန (ရုံးချုပ်)မှ Help Line တာဝန်ကျဝန်ထမ်း ၂၀ နှင့် စုစုပေါင်း သင်တန်းသား ၄၀ ဖြင့် မတ် ၁၀ ရက်အထိ နှစ်ရက်တာ ဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များ၏ပြဿနာများ ကြုံတွေ့လာရပါက သင်တန်းမှရရှိသော အသိပညာများဖြင့် လူမှုရေးပြဿနာများအား လူမှုဝန်ထမ်းနည်းလမ်းအသုံးပြု၍ ဖြေရှင်းဆောင်ရွက်ခြင်း၊ ချိတ်ဆက်ခြင်း၊ ညွှန်းပို့ခြင်းဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးဖြစ်သူ မြန်မာနိုင်ငံဆိုင်ရာ UNOCHA ရုံး အကြီးအကဲ Mr. David Carden ဦးဆောင်သော အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. David Carden က မြန်မာနိုင်ငံရှိ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ဗီဇာရရှိရေးနှင့် လူသားချင်းစာနာမှု အကူအညီပေးအပ်နိုင်ရေးကိစ္စ၊ အဖွဲ့အစည်းမှတ်ပုံတင်ရေးကိစ္စ၊ UNOCHA နှင့် ဝန်ကြီးဌာနတို့အကြား နားလည်မှုစာလွှာအရ ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက အသင်းအဖွဲ့မှတ်ပုံတင်ရန် ဝန်ကြီးဌာနက ထောက်ခံနိုင်မည့်ကိစ္စ၊ နားလည်မှုစာချွန်လွှာရှိပြီးပါက ဝန်ကြီးဌာနက ပြည်ဝင်ဗီဇာနှင့် ခရီးသွားလာခွင့်၊ ထောက်ခံချက်ပေးရန်ကိစ္စ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ (AHA Centre)၊ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပေးအပ်နေသည့်အကူအညီများနှင့် စီမံကိန်းဆိုင်ရာကိစ္စ၊ UNOCHA မှ ထုတ်ပြန်သည့် Humanitarian Response Plan 2023 တို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့၌ ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

နေပြည်တော် မတ် ၉

ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာ၌ နေထိုင်သူ ဦးဝေလွင်ဖြိုး အသက် ၂၃ နှစ်သည် ယာဘက်လက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသောဒဏ်ရာ (Amputated right hand due to Dah cit) ဖြင့် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့သို့ ရောက်ရှိလာရာ ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့မှ အထူးကုဆရာဝန်(အရိုး) ဒေါက်တာဝင်းမင်းထွန်း၊ လက်ထောက်ဆရာဝန်များ၊ အထူးကုဆရာဝန်(မေ့ဆေး) ဒေါက်တာခင်ဖုန်းမြင့်တို့ ဦးဆောင်သောအဖွဲ့က ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုကို အဆိုပါနေ့ နံနက် ၂ နာရီခွဲတွင် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၎င်းလူနာ၏အခြေအနေမှာ တိုးတက်ကောင်းမွန်ပြီး လက်ချောင်းများ လှုပ်နိုင်ပြီဖြစ်သဖြင့် မတ် ၈ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ရှိ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသားကျောင်းသူတက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောင်းကုန်းမြို့နယ်ရှိ ကွင်းကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ပန်းတနော်မြို့နယ် အကယ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**၁၆၁၆၈၁ ဦး ဝင်ရောက်ဖြေဆို**

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၅၈ ခုနှင့် နိုင်ငံခြား စာစစ်ဌာနငါးခု၊ စာစစ်ဌာန စုစုပေါင်း ၈၆၃ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၇၉၈၄၃ ဦး စာရင်းပေးသွင်းကြပြီး ၁၆၁၆၈၁ ဦး ဝင်ရောက်ဖြေဆိုကြသည်။ ရောဝတီတိုင်းဒေသကြီးတွင် စာစစ်ဌာနစုစုပေါင်း ၂၀၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း၂၂၁၁၅ ဦးစာရင်းပေးသွင်းကြပြီး ၂၀၀၅၈ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦးရှိ

**နေပြည်တော် မတ် ၉**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၄၃ ရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်းအနေဖြင့် ၈၉ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

ပူးတွဲ

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်-အင်္ဂလိပ်စာ — ရက်စွဲ၊ ၉ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေ အတွက် | မြို့နယ် အရေ အတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၄၀၈ | ၈၉၁၉ | ၁၀၃၂၇ | ၁၃၆၄ | ၈၁၆၅ | ၉၅၂၉ | ၄၄ | ၇၅၄ | ၇၉၈ | ၉၂.၂၇% | ၇.၇၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅၉ | ၇၃၆ | ၉၉၅ | ၂၅၁ | ၆၇၀ | ၉၂၁ | ၈ | ၆၆ | ၇၄ | ၉၂.၅၆% | ၇.၄၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၆၇၈ | ၂၁၇၃ | ၂၈၅၁ | ၆၂၁ | ၁၉၁၉ | ၂၅၄၀ | ၅၇ | ၂၅၄ | ၃၁၁ | ၈၉.၀၉% | ၁၀.၉၁% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၆၅၁ | ၂၈၁၀ | ၃၄၆၁ | ၅၈၀ | ၂၂၃၈ | ၂၈၁၈ | ၇၁ | ၅၇၂ | ၆၄၃ | ၈၁.၄၂% | ၁၈.၅၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၆၆၄ | ၉၈၀၂ | ၁၁၄၆၆ | ၁၅၆၇ | ၈၃၆၄ | ၉၉၃၁ | ၉၇ | ၁၄၃၈ | ၁၅၃၅ | ၈၆.၆၁% | ၁၃.၃၉% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၁၁၀၀ | ၃၂၀၃ | ၄၃၀၃ | ၁၀၄၂ | ၂၈၆၃ | ၃၉၀၅ | ၅၈ | ၃၄၀ | ၃၉၈ | ၉၀.၇၅% | ၉.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၂၇၃ | ၅၇၀၈ | ၆၉၈၁ | ၁၂၂၆ | ၅၀၉၃ | ၆၃၁၉ | ၄၇ | ၆၁၅ | ၆၆၂ | ၉၀.၅၂% | ၉.၄၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၂၀၉ | ၅၄၄၀ | ၆၆၄၉ | ၁၁၆၃ | ၄၉၀၆ | ၆၀၆၉ | ၄၆ | ၅၃၄ | ၅၈၀ | ၉၁.၂၈% | ၈.၇၂% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၇၇၆ | ၁၂၈၈၃ | ၁၃၆၅၉ | ၇၅၉ | ၁၁၆၅၆ | ၁၂၄၁၅ | ၁၇ | ၁၂၂၇ | ၁၂၄၄ | ၉၀.၈၉% | ၉.၁၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၉၄၈ | ၂၀၀၆၄ | ၂၄၀၁၂ | ၃၈၄၃ | ၁၈၂၀၂ | ၂၂၀၄၅ | ၁၀၅ | ၁၈၆၂ | ၁၉၆၇ | ၉၁.၈၁% | ၈.၁၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၅၇၇ | ၄၆၄၃ | ၆၂၂၀ | ၁၄၉၃ | ၄၂၇၅ | ၅၇၆၈ | ၈၄ | ၃၆၈ | ၄၅၂ | ၉၂.၇၃% | ၇.၂၇% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၄၀၈ | ၁၈၈၈၂ | ၁၉၂၉၀ | ၃၉၁ | ၁၆၄၇၆ | ၁၆၈၆၇ | ၁၇ | ၂၄၀၆ | ၂၄၂၃ | ၈၇.၄၄% | ၁၂.၅၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၁၈၉၆ | ၂၄၉၁၈ | ၂၆၈၁၄ | ၁၈၆၂ | ၂၁၉၁၃ | ၂၃၇၇၅ | ၃၄ | ၃၀၀၅ | ၃၀၃၉ | ၈၈.၆၇% | ၁၁.၃၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၈၉၇ | ၆၇၀၈ | ၈၆၀၅ | ၁၈၄၃ | ၅၉၇၄ | ၇၈၁၇ | ၅၄ | ၇၃၄ | ၇၈၈ | ၉၀.၈၄% | ၉.၁၆% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၁၀၂၁ | ၂၆၂၄ | ၃၆၄၅ | ၉၆၆ | ၂၃၄၃ | ၃၃၀၉ | ၅၅ | ၂၈၁ | ၃၃၆ | ၉၀.၇၈% | ၉.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၅၅ | ၁၁၆၆ | ၁၃၂၁ | ၁၄၉ | ၁၀၀၂ | ၁၁၆၁ | ၆ | ၁၅၄ | ၁၆၀ | ၈၇.၈၉% | ၁၂.၁၁% | |
| ၁၇ | ရောဝတီ | ၈ | ၂၆ | ၂၀၇ | ၇၈၀၆ | ၁၄၃၀၉ | ၂၂၁၁၅ | ၇၃၇၂ | ၁၂၆၈၆ | ၂၀၀၅၈ | ၄၃၄ | ၁၆၂၃ | ၂၀၅၇ | ၉၀.၇၀% | ၉.၃၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၆၉၁၆ | ၇၁၁၈ | ၂၀၀ | ၆၂၂၃ | ၆၄၂၃ | ၂ | ၆၉၃ | ၆၉၅ | ၉၀.၂၄% | ၉.၇၆% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၁၁ | ၁၁ | | ၁၁ | ၁၁ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | **ပြည်ထောင်စုချုပ်** | **၁၂၄** | **၃၀၉** | **၈၆၃** | **၂၇၉၂၈** | **၁၅၁၉၁၅** | **၁၇၉၈၄၃** | **၂၆၆၉၂** | **၁၃၄၉၈၉** | **၁၆၁၆၈၁** | **၁၂၃၆** | **၁၆၉၂၆** | **၁၈၁၆၂** | **၈၉.၉၀%** | **၁၀.၁၀%** | |

**မှတ်ချက်** - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများက စိုက်ပျိုးထားသည့် ပဲတီစိမ်းများထွက်ရှိ

**ကန်ကြီးထောင့် မတ် ၉**

သမဝါယမကဏ္ဍက ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အတွင်း မိကျောင်းတစ်ရာကျေးရွာရှိ အောင်မြန်မာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက ပဲတီစိမ်း ၅၇ ဧက၊ သဘော့ငူကျေးရွာရှိ သဘော့ငူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက ပဲတီစိမ်း ၂၂၂ ဧက၊ ကွင်းယားကြီးကျေးရွာရှိ ကွင်းယားကြီးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက ပဲတီစိမ်း ၁၆၁ ဧကနှင့် ဘုရားကျောင်းကျေးရွာရှိ မန်းရတနာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက ပဲတီစိမ်း ဧက ၅၅၀ စုစုပေါင်းစိုက်ဧက ၉၉၀ စိုက်ပျိုးခဲ့ရာ တစ်ဧကပျမ်းမျှ ငါးတင်းမှ ၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များအတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

### ကြည့်ရှုအားပေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးခုတင် (၁၀၀၀) စာစစ်ဌာန၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်လင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာစစ်ဌာန စုစုပေါင်း ၃၉ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၇၁၁၈ ဦး စာရင်းပေးသွင်းထားပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၂၃ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၂၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများသို့ တာဝန်ရှိသူများ ကြည့်ရှုအားပေး၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆို



ရန်ကုန် မတ် ၉

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းရှိစာစစ်ဌာနများ၌ ယနေ့နံနက် ၉ နာရီမှစ၍ ဒုတိယမြောက်နေ့အဖြစ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနတို့သို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ဖြေဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၈၃ ခုတွင် ကျောင်းသား ကျောင်းသူ ၂၆၈၁၄ ဦး စာရင်းပေးသွင်းထားပြီး အမြင်အာရုံမသန်စွမ်းသူ ခုနစ်ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ရှစ်ဦး၊ ဆေးရုံတက်ရောက်ဖြေဆိုသူ ခြောက်ဦး၊ အကျဉ်းဦးစီးဌာနမှဖြေဆိုသူ ၁၀ ဦးအပါအဝင် ၂၃၇၇၅ ဦးတို့ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုခဲ့ကြကာ စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ကျောင်းသူတစ်ဦးတည်း ဖြေဆိုလျက်ရှိသည်။

### စောင့်ကြပ်ကြည့်ရှု

ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန်အတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပတို့တွင် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေး ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။ ညိမ်းသူ( သတင်းစဉ်)

ဓာတ်ပုံ - ကနူး

# ညောင်လေးပင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိ

ညောင်လေးပင် မတ် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ယနေနံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်း အထက(၁) ညောင်လေးပင် စာစစ်ဌာန၊အထက(၂) ပြွန်တန်ဆာ စာစစ်ဌာန၊ အထက-ပိန်းဇလုပ် စာစစ်ဌာနဟူ၍ စာစစ်ဌာန သုံးခုရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ၂၁၇ ဦးနှင့် ကျောင်းသူ ၄၁၁ ဦး စုစုပေါင်း ၆၂၈ ဦး စာရင်းပေးသွင်းထားပြီး ယနေ့တွင် ကျောင်းသား ၁၉၅ ဦးနှင့် ကျောင်းသူ ၃၈၉ ဦး စုစုပေါင်း ၅၈၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကာ ကျောင်းသား၂၂ဦးနှင့် ကျောင်းသူ ၂၂ဦး စုစုပေါင်း၄၄ဦး ပျက်ကွက်ခဲ့ပြီး ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၂ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေလုံခြုံရေးတာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးတာဝန်ရှိသူများ ပူးပေါင်း၍ လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်မောင်လွင် (ညောင်လေးပင်)

■



၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပရာ အထက - ၄ (အလုံ) စာစစ်ဌာနမှ ဖြေဆိုခွင့်ကတ်ပြား မပါရှိသူ ကျောင်းသားတစ်ဦးအား တာဝန်ရှိသူတစ်ဦးက မတ် ၉ ရက်တွင် ယာဉ်ထိန်းရဲဆိုင်ကယ်ဖြင့် ပို့ဆောင်ကူညီပေးစဉ်။

မောင်မောင်(လှျပ်စစ်)





အထက - ၆ (ဗိုလ်တထောင်) စာစစ်ဌာန၌ မတ် ၉ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုပြီး ကျောင်းသား ကျောင်းသူများ ပြန်လည်ထွက်လာသည်ကို တွေ့ရစဉ်။

ဇော်မင်းလတ်(MNA)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၂၃)**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) **လေယာဉ်မှူး(Commander)** ဆိုသည်မှာ လေယာဉ်ပျံသန်းချိန်တွင် ဘေးကင်းရေးနှင့် လေယာဉ်ပျံသန်းရာတွင် ကွပ်ကဲမောင်းနှင်ရေးတို့အတွက် တာဝန်ပေးခြင်းခံရသည့် လေယာဉ်မှူးကြီး သို့မဟုတ် တွဲဖက်လေယာဉ်မှူးကိုသော်လည်းကောင်း၊ ထိုသူမဆောင်ရွက်နိုင်လျှင် လေယာဉ်ကို ကွပ်ကဲမောင်းနှင်သည့် လေယာဉ်မောင်းသူ (Pilot) ကိုသော် လည်းကောင်း ဆိုသည်။

(ဂ) **ကောင်စစ်ဝန်** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံက ခန့်အပ်တာဝန်ပေးထားသည့် ကောင်စစ်ဝန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စစ်ဝန်ချုပ်လည်း ပါဝင်သည်။

(ဃ) **တိုကျိုကွန်ဗင်းရှင်း (Tokyo Convention)** ဆိုသည်မှာ ၁၉၆၃ ခုနှစ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည့် လေယာဉ်ပေါ်တွင် ကျူးလွန်သောပြစ်မှုများနှင့် အခြားပြုလုပ်မှုများဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(င) **လေယာဉ်ပျံသန်းချိန်** ဆိုရာတွင် အောက်ပါကာလတစ်ခုခုပါဝင်သည် -

(၁) လေယာဉ်ထွက်ခွာရန် လေယာဉ်တံခါး ပိတ်လိုက်သည့်အချိန်မှစ၍ လေယာဉ်လှုပ်ရှားမှု သို့မဟုတ် ပျံသန်းမှုပြုပြီးနောက် ခရီးသည်များဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ၊

(၂) လေယာဉ်တံခါးပိတ်ပြီးနောက် လေယာဉ်မှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများအား ဘေးအန္တရာယ်ကျရောက်နိုင်သဖြင့် လေယာဉ်ပေါ်မှ ဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ သို့မဟုတ် လေယာဉ်ကို အဓမ္မဆင်းသက်ခိုင်းသည့်ကိစ္စတွင် လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများကို လေယာဉ်မှူးက ရဲအရာရှိသို့မဟုတ် အခွင့်အာဏာပိုင်တို့ထံ လွှဲပြောင်းပေးသည့် အချိန်မတိုင်မီအထိကာလ၊

(၃) အကြောင်းတစ်စုံတစ်ရာကြောင့် နိုင်ငံတစ်ခုခု၏ ပိုင်နက်တွင်မရှိသည့် ပင်လယ်ရေပြင်ပေါ်တွင်ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ ဆင်းသက်နေရသည့်အချိန်ကာလ။

(စ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်လက်ခံထားသော အကြမ်းဖက်မှုဆိုင်ရာ ကွန်ဗင်းရှင်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုခုကို ဆိုသည်။

(ဆ) **အကြမ်းဖက်အုပ်စုဝင်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်အုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဇ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများအား စုံစမ်းထောက်လှမ်းဖော်ထုတ်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။

(ဈ) **ကြားဖြတ်ဖမ်းယူခြင်း** ဆိုသည်မှာ သူတစ်ဦးဦးက ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အီလက်ထရောနစ် သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍ နှုတ်ဖြင့် ဆက်သွယ်ပြောကြားခြင်း၊ အခြားတစ်နည်းနည်းဖြင့် သတင်းအချက်အလက်ပေးပို့ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်းကို ကြားမှဖြတ်၍ယူခြင်း သို့မဟုတ် နားထောင်ခြင်းကို ဆိုသည်။

(ည) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖွဲ့စည်းသော လုပ်ငန်းကော်မတီတစ်ခုခုကို ဆိုသည်။

(ဋ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖွဲ့စည်းသော လုပ်ငန်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဌ) **သံတမန်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်ဆိုသည့် စကားရပ်တွင်ပါဝင်သည့် သံတမန်အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

(၁) သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအပိုဒ် ၁ ပါ သံတမန်အဖွဲ့ဝင်များ (Members of the mission)နှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင် ပါဝင်သူများ (Members of the staff of the mission)၊

(၂) ယင်းကွန်ဗင်းရှင်းအပိုဒ် ၄၀ ပါ နိုင်ငံတော်သို့ တတိယနိုင်ငံအဖြစ် ဝင်ရောက်ဖြတ်သန်းသည့် တော်ဝင်နိုင်ငံကူးလက်မှတ်၊ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် သံတမန်ကိုယ်စားလှယ်များ။

(ဍ) **ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့** ဆိုသည်မှာ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့ကို ဆိုသည်။

(ဎ) **ဗဟိုအဖွဲ့ရုံး** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့်ရုံးကို ဆိုသည်။

(ဏ) **ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများ** ဆိုသည်မှာ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသည့်အုပ်စု သို့မဟုတ် အဖွဲ့အစည်းတွင် တစ်နည်းနည်းဖြင့် ပါဝင်လှုပ်ရှားခြင်း၊ ဆက်သွယ်ပေါင်းစည်းခြင်းပြုသည့် အဖွဲ့အစည်းနှင့်တာဝန်ယူ၍ ဆောင်ရွက်သည့် တာဝန်ခံများကို ဆိုသည်။

**အခန်း (၂)**
**လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့်**
**လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း**

၃။ ဗဟိုအဖွဲ့သည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတစ်ဦးဦးက ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည်-

(၁) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၂) အမျိုးသားဖြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ၊

(၃) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၄) ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၅) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၆) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊

(၇) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းရမည်-

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၂) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၊

(၃) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့၊

(၄) အကြမ်းဖက်ခံရသူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၊

(၅) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၊

(၆) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ)တို့အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ (က) ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် လိုအပ်သော အခြားလုပ်ငန်းတာဝန်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) နည်းဥပဒေ ၃ အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် နည်းဥပဒေခွဲ(က)အရ သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၃)**
**အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများဖြစ်ကြောင်း**
**ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ကိုယ်တိုင်ရရှိသော ခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့၏ တင်ပြချက်အရဖြစ်စေ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်းအဖြစ် အမည်စာရင်းတင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(က)ဖြင့်ဖြစ်စေ၊ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်းတင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(ခ)ဖြင့်ဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို ပုံစံ(ဂ)ဖြင့်ဖြစ်စေ ပူးတွဲပြီး ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အောက်ပါသတင်းအချက်အလက်နှင့် အထောက်အထားများဖော်ပြ၍ ဗဟိုအဖွဲ့သို့ တင်ပြရမည်-

(က) အကြမ်းဖက်မှုကျူးလွန်သည့်ဖြစ်စဉ်အကျဉ်းချုပ်နှင့် ကျူးလွန်သည့်ပြစ်မှု၏ ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများ၊

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

(ဂ) ဖော်ထုတ်ရရှိသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအမည်၊ အကြမ်းဖက်အုပ်စုဝင်အသီးသီး၏ အမည်နှင့် နေရပ်လိပ်စာများ၊ ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ(သိရှိလျှင်)၊

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကိုယ်ရေးရာဇဝင်၊

(င) အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု (ရှိလျှင်)၊

(စ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာရန် လိုအပ်သည့် အကြောင်းရင်း၊

(ဆ) သတ်မှတ်ကြေညာရန်လိုအပ်သည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ငွေကြေးနှင့် ပစ္စည်းများတည်ရှိသည့်နေရာနှင့် အသေးစိတ်အထောက်အထားများ(ရှိလျှင်)၊

(ဇ) အကြမ်းဖက်မှုကို အားပေးကူညီမှု၊ ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊

(ဈ) တွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်။

၆။ ပြည်ပနိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံတွင် အကြမ်းဖက်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ပြီးနောက် နိုင်ငံတော်အတွင်းရောက်ရှိနေသော အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၊ အမည် သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို မြန်မာနိုင်ငံတွင် ထုတ်ပြန်ကြေညာပေးစေလိုပါက သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့်ပုံစံ(ဂ)တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ ပါ သတင်းအချက်အလက်နှင့် အထောက်အထားများအပြင် အောက်ပါတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ယင်းဘာသာနှစ်ရပ်လုံးဖြင့်ဖြစ်စေ ဖော်ပြ၍ သံတမန်လမ်းကြောင်းအတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုအဖွဲ့သို့လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံဖြစ်ပါက ဗဟိုအဖွဲ့ရုံးသို့လည်းကောင်း ပေးပို့တောင်းဆိုနိုင်သည်-

(က) ပြည်ပနိုင်ငံတွင် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ် ကြေညာထားမှုအခြေအနေ၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ထားမှုအခြေအနေ၊

(ဂ) တောင်းဆိုသည့်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ။

၇။ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်ကို လက်ခံရရှိပါက တောင်းဆိုစာနှင့်အတူ ပူးတွဲပေးပို့သည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ဗဟိုအဖွဲ့သို့ ချက်ချင်းအကြောင်းကြား၍ ပေးပို့ရမည်။

၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်ရာပြည်ပနိုင်ငံကို ခြေကုပ်စခန်းအဖြစ် အသုံးပြု၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်းသို့ ဝင်ရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်း အမည်စာရင်းကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုအမည်စာရင်းကိုဖြစ်စေ၊ ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကိုဖြစ်စေ သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်က ကြေညာချက်ထုတ်ပြန်ပေးရန် တောင်းဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ)တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ နှင့် ၆ တို့ပါ သတင်းအချက်အလက်နှင့် အထောက်အထားများဖော်ပြပြီး ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း၊ သံတမန်လမ်းကြောင်းအရ ပေးပို့နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့သော်လည်းကောင်း ပေးပို့ရမည်။

၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိသောသူတစ်ဦးချင်းကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်၍ ကြေညာကြောင်းသိရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် ယင်းဆုံးဖြတ်ချက်ကို ဗဟိုအဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၁၀။ ဗဟိုအဖွဲ့သည် -

(က) ကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားသည့် နိုင်ငံတော်အတွင်းရှိသောသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း၊ အသင်းအဖွဲ့နှင့် အုပ်စုတစ်ခုခုမှာ အကြမ်းဖက်မှုကျူးလွန်သည့်အတွက် နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိပါက ထိုသို့သတ်မှတ်ကြေညာထားသူတစ်ဦးချင်းနှင့် အုပ်စုတို့ကို အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို သတင်းစာ၊ ဂျာနယ်စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြားအပါအဝင် သတင်းမီဒီယာတို့မှ အများပြည်သူသိရှိရန် အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့်အကြမ်းဖက်အုပ်စုများကိုလည်းကောင်း၊ ယင်းတို့ကိုအားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေးထောက်ပံ့သော ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများကိုလည်းကောင်း လိုအပ်သလိုအရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

၁၁။ ဗဟိုအဖွဲ့သည်-

(က) နည်းဥပဒေ ၅ အရ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ တင်ပြချက်ကိုဖြစ်စေ၊ နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်ခုခု၏ တောင်းဆိုချက်ကို ဖြစ်စေ စိစစ်ပြီး ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသောနေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ကြောင်းတွေ့ရှိရပြီး နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိသဖြင့် တားဆီးနှိမ်နင်းပြီး အရေးယူရန် ပေါ်ပေါက်သည့်အခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ၁၉၉၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇၊ ၂၀၀၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၃၆၈၊ အမှတ် ၁၃၇၃ နှင့် အမှတ် ၁၃၇၇၊ ၂၀၀၃ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၅၁၆၊ ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၉၈၉၊ ၂၀၁၅ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၂၅၃၊ ၂၀၁၇ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၃၄၇၊ အမှတ် ၂၃၆၈ နှင့် အမှတ် ၂၃၉၆၊ ၂၀၁၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၄၆၂ နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆက်စပ်သော ဆုံးဖြတ်ချက်များနှင့်အညီ အကြမ်းဖက်မှုများအား ထိရောက်စွာတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကိုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကြေညာချက်ကို အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို အများပြည်သူသိရှိရန် သတင်းစာ၊ ဂျာနယ်စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြားအပါအဝင် သတင်းမီဒီယာတို့မှ အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate–CTED) သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရသော်လည်းကောင်း၊ ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း ပေးပို့နိုင်ရန် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့် အကြမ်းဖက်အုပ်စုများကို အားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေးထောက်ပံ့သူများမှာ ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွယ်ပတ်သက်မှုများရှိပါက ထိုသူများနှင့် အဖွဲ့အစည်းများကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာပြည်ပနိုင်ငံ၏အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

(ဃ) မိမိနိုင်ငံမှထုတ်ပြန်ကြေညာထားသည့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး အဖွဲ့အစည်းများထံသို့ အချက်အလက်ပေးပို့ရမည်ဖြစ်ပြီး ဖြစ်နိုင်သမျှ အရေးယူရမည်။

၁၂။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ပြီးနောက် ဗဟိုအဖွဲ့၏အကြောင်းကြားချက်အရ အဆိုပါ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား အရေးယူပိတ်ဆို့မှုဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate–CTED) သို့ ကနဦး အကြောင်းကြားရမည်။ ထို့နောက် အရေးယူသည့်စာရင်း (Sanction List)သို့ တရားဝင်ထည့်သွင်းနိုင်ရန် လိုအပ်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး(CTED)၏ သတ်မှတ်ချက်များနှင့်အညီ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (CTED)သို့ ပေးပို့အကြောင်းကြားရမည်။

၁၃။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတော်အတွင်းရှိသောသူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း သတ်မှတ်ကြေညာထားပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ အကြမ်းဖက်သမား၊ ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်မှ ပြန်လည်ရုပ်သိမ်းသည့်အခါ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ပါက နည်းဥပဒေ ၁၀ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာထားချက်ကို ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၄။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၁၁ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက အကြမ်းဖက်လုပ်ရပ်များကို မည်သည့်အခါမျှ ပြုလုပ်ခြင်းမရှိသဖြင့် သို့မဟုတ် ယခင်က ပြုလုပ်မိခဲ့သော်လည်း ဆက်လက်၍ ပြုလုပ်တော့ခြင်းမရှိသဖြင့် ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်း နှင့်တာဝန်ခံများအဖြစ် ဗဟိုအဖွဲ့က ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

(ခ) ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက ထိုသို့ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြချက်အပေါ် ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း၍ တင်ပြချက်ကို စိစစ်သုံးသပ်ပြီး ပြန်လည်ရုပ်သိမ်းသင့် မသင့် သဘောထားမှတ်ချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရဖြစ်စေ၊ ဗဟိုအဖွဲ့ရုံးမှ တစ်ဆင့်ဖြစ်စေ ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate –CTED)သို့ တင်ပြရမည်။

၁၅။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းနှင့် ပတ်သက်၍ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး–

(က) ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေ ရှိ မရှိနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာ ရှိ မရှိ တို့ကို စုံစမ်းထောက်လှမ်းပြီး တင်ပြစေရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

(ခ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း တင်ပြချက်အရ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် အဖွဲ့အစည်းတို့မှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ကြောင်းနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာမရှိကြောင်း တွေ့ရှိသည့်အခါ ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း (၄)**

**အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်ခြင်း**

၁၆။ ဗဟိုအဖွဲ့သည် –

(က) နည်းဥပဒေ ၁၀ နှင့် ၁၁ တို့အရ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်းနှင့် အသွင်ပြောင်းလဲခြင်းတို့ မပြုလုပ်နိုင်ရန် ထိန်းချုပ်မိန့် ထုတ်ပြန်ရမည်။ ထို့ပြင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ရမည်။

(ခ) ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအား ထိရောက်စွာ တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေး၊ အရေးယူရေးနှင့် ၎င်းတို့ပိုင် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သိမ်းဆည်းရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

၁၇။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ခ)အရ တာဝန်ပေးအပ်လာသည့်အခါ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ ရှာဖွေဖော်ထုတ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်းတို့ပြုရန် သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ရမည်။

၁၈။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း ကိစ္စရပ်အတွက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၅)**

**မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း**

၁၉။ တိုကျိုကွန်ဗင်းရှင်းအပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ သူတစ်ဦးဦးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုနှင့်စပ်လျဉ်း၍ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြစ်မှုတစ်ခုခုကို တမင်ကျူးလွန်လျှင် ဥပဒေအရ ပြစ်မှုမြောက်သည်။

၂၀။ (က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇ ပါ လေယာဉ်ပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှုများကို ယင်းဥပဒေပုဒ်မ ၆၀ ပါ တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးသည့်ကိစ္စနှင့် ပြစ်မှုများတွင် အပြန်အလှန်အကူအညီပေးရန်ကိစ္စများတွင် နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့် ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဖြစ်သည်ဟု မှတ်ယူခြင်း၊ ငြင်းပယ်ခြင်း မပြုရ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုတစ်ခုခုသည်–

(၁) စစ်ရေးကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ အကောက်ခွန်ကောက်ခံရန် ကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ လုံခြုံရေးနှင့် ရဲလုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ ကျူးလွန်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ယင်းလေယာဉ်တစ်စီးစီးက ဖော်ပြပါကိစ္စအတွက် မဟုတ်ဘဲ အကြမ်းဖက်မှုအတွက် အသုံးပြုခြင်းသော်လည်းကောင်း၊ ပြည်သူများအား သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုပေးချိန်တွင် ကျူးလွန်ခြင်းသော်လည်းကောင်း ဖြစ်ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(၂) နိုင်ငံတော်တွင် တည်ဆဲလေယာဉ်အက်ဥပဒေအရ မှတ်ပုံတင်ထားသော လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်းဖြစ်ပါက မည်သည့်နေရာတွင်ရှိစေကာမူ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ ထိုပြစ်မှုကျူးလွန်သူကို စီရင်ပိုင်ခွင့်ရှိစေရမည်။

၂၁။ နိုင်ငံတော်၏ လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသည့်လေယာဉ် သို့မဟုတ် နိုင်ငံတော်၏ လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏ လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်နှင့် လေယာဉ်ပျံသန်းချိန်တို့တွင် လေယာဉ်ကိုဖြစ်စေ၊ လေယာဉ်ပေါ်ရှိ လူနှင့် ပစ္စည်းများကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ထင်မြင်သည့်အခါ သို့မဟုတ် လေယာဉ်ပေါ်တွင် စည်းကမ်းတကျရှိမှုကို ပျက်ပြားစေသည့်အခါတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် စည်းကမ်းတကျရှိစေရန်အလို့ငှာ ကျူးလွန်သူကို လေယာဉ်ပေါ်မှ ဆင်းစေခြင်း သို့မဟုတ် ကိုယ်တိုင်ရှာဖွေဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ရှာဖွေဖမ်းဆီးထိန်းသိမ်းရန် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို အကူအညီတောင်းခံခြင်း ပြုနိုင်သည်။

၂၂။ လေယာဉ်အမှုထမ်းများသည် နည်းဥပဒေ ၂၁ ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အတွက် လေယာဉ်မှူးက အကူအညီတောင်းခံသည့်အခါဖြစ်စေ၊ ကိုယ်တိုင်တွေ့မြင်သိရှိသည့်အခါဖြစ်စေ ထိုသို့ ကျူးလွန်သူကို ရှာဖွေဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုနိုင်သည်။

၂၃။ လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်းတို့သည် နည်းဥပဒေ ၂၁ နှင့်၂၂ တို့အရ ဆောင်ရွက်ရာတွင် ကျူးလွန်သူမှာ အမျိုးသမီးဖြစ်ပါက ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းတို့ပြုရာတွင် ဖြစ်နိုင်သမျှ အမျိုးသမီးများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်သည်။

၂၄။ (က) လေယာဉ်မှူးသည်–

(၁) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ ဖမ်းဆီးထိန်းသိမ်းထားသူများကို နိုင်ငံတော်တွင် လေယာဉ်ဆင်းသက်သည့်အခါ သက်ဆိုင်ရာရဲအရာရှိထံသို့ဖြစ်စေ၊ လူဝင်မှု ကြီးကြပ်ရေးအရာရှိထံသို့ဖြစ်စေ လွှဲအပ်နိုင်သည်။ အကယ်၍ စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် လေယာဉ်ဆင်းသက်ခြင်းဖြစ်လျှင် ထိုနိုင်ငံ၏ ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တာဝန်ထမ်းဆောင်သော အရာရှိထံသို့ လွှဲအပ်နိုင်သည်။

(၂) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သည့်ကိစ္စနှင့် အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ လေယာဉ်ကို အပိုင်စီးသည့်အခြေအနေကို လည်းကောင်း လေယာဉ်မဆင်းသက်မီ သက်ဆိုင်ရာနိုင်ငံ၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံ ဖြစ်နိုင်သမျှ ချက်ချင်း အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ် (၁)အရ လွှဲအပ်၍ လက်ခံရရှိသော ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တာဝန်ထမ်းဆောင်သော အရာရှိသည် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကျူးလွန်သူကို လေယာဉ်မှ ထွက်ခွာခိုင်းသည့်ကိစ္စတွင် ထိုသူနှင့် သက်ဆိုင်သည့် နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ဖြစ်စေ၊ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့ဖြစ်စေ အကြောင်းကြားနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

၂၅။ (က) ပြည်ပနိုင်ငံတစ်ခုခုတွင်ရှိသော နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့သည် နိုင်ငံတော်တွင် မှတ်ပုံတင်ထားသော မြို့ပြလေကြောင်းပျံသန်းရေးလေယာဉ်နှင့် စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများဖြစ်ပွားကြောင်းရရှိသည့် အောက်ဖော်ပြပါ သတင်းအချက်အလက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ချက်ချင်း သတင်းပို့ရမည် –

(၁) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(၂) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စု ကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(၃) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(က)အရ ရရှိသည့်သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၂၆။ နိုင်ငံတော်အတွင်းရှိ လေဆိပ်တစ်ခုခု၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည် –

(က) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(ခ) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(ဂ) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

၂၇။ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ရရှိသော သတင်းအချက်အလက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၂၈။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည်–

(က) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသည့် ၁၉၄၄ ခုနှစ်၊ ချီကာဂိုကွန်ဗင်းရှင်းအပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ အမှတ် ၁၇ (ICAO Annex 17: Security– Safeguarding International Civil Aviation Against Acts of Unlawful Interference) ပြဋ္ဌာန်းချက်တို့နှင့်အညီ မြို့ပြလေကြောင်းနှင့် လေဆိပ်များ လုံခြုံရေးဆိုင်ရာအစီအစဉ်များကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# အလုပ်သမားဆက်ဆံရေးဆိုင်ရာ အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် မတ် ၉**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ အလုပ်သမားဆက်ဆံရေး ဆိုင်ရာ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သည့် စွမ်းဆောင်ရည် မြှင့်သင်တန်းတွင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ကျင့်သုံးရ သည့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများအပြင် ပြင်ပမှ သင်တန်း နည်းပြများအဖြစ် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများ က နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် အချက် များ၊ ဘဏ္ဍာရေးဆိုင်ရာ သိသင့်သိထိုက်သည့်အချက် များ၊ တရားစွဲဆိုမှုဆိုင်ရာများကို သင်ကြားပို့ချသွား မည်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် သင်တန်းတွင်သာမက မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင်လည်း စဉ်ဆက် မပြတ် လေ့လာသင်ယူရမည်ဖြစ်ပြီး မိမိဝန်ကြီးဌာန၊ ဦးစီးဌာန၏ ပုံရိပ်ကောင်းမွန်စေရေး ကြိုးစား လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွင်မွမ်းမံ သင်တန်းများမှတစ်ဆင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဆောင်ရွက်ရမည့်အချက်များ၊ ဝန်ထမ်း များ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိခြင်းဖြင့် အလုပ်သမားဆက်ဆံရေးဆိုင်ရာ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာပြီး တာဝန်ခံ အရာရှိများအတွက် အထောက်အကူပြုနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ အမှုထမ်း ၅၇ ဦး တက်ရောက် ကြပြီး မတ် ၉ ရက်မှ ၁၅ အထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် (၁၉)ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၉)ကြိမ် မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးတွင် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်)ဝီနိုင်း (H.E. Mr. Don Pramudwinai) က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အခြားဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများ/ ဒုတိယဝန်ကြီးများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ထိုင်းဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်) ဝီနိုင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက် လာကြသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က ယခုကဲ့သို့ အရေးပါသည့် အစည်းအဝေးကို ကျင်းပနိုင်ရေးအတွက် ထိုင်းနိုင်ငံ ၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကို ကျေးဇူးတင် ရှိပါကြောင်း၊ ယနေ့တွင် ဘင်းမ်စတက်ဗန်ကောက် ရည်မှန်းချက် (၂၀၃၀)နှင့် ဘင်းမ်စတက် ယန္တရား အသီးသီးအတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း စည်းကမ်းများကို အောင်မြင်စွာအတည်ပြုနိုင်တော့ မည်ဖြစ်ရာ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အကောင်း မွန်ဆုံး ထမ်းဆောင်လျက်ရှိသည့် ထိုင်းနိုင်ငံကို ဂုဏ်ပြုပါကြောင်း၊ ဘင်းမ်စတက်အနာဂတ် ဦးတည်ချက်များဆိုင်ရာ ဘင်းမ်စတက် ထင်ပေါ် ကျော်ကြားပညာရှင်များအဖွဲ့အတွက် စည်းမျဉ်း စည်းကမ်းများနှင့် ဘင်းမ်စတက်၏ ပင်မယန္တရားများ၊ ကဏ္ဍအလိုက်ယန္တရားများနှင့် ပြင်ပဆက်ဆံရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အပြီးသတ်ရေးဆွဲ နိုင်ခဲ့ခြင်းတို့အတွက် ဘင်းမ်စတက်အဆင့်မြင့် အရာရှိကြီးများနှင့် ဘင်းမ်စတက်အမြဲတမ်းလုပ်ငန်း ကော်မတီတို့၏ ကြိုးပမ်းအားထုတ်မှုများကို အသိ အမှတ်ပြုပါကြောင်း ထည့်သွင်းပြောကြားသည်။

အလားတူ ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေး နှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံက ဘင်းမ်စတက် အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းလျက် ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း စီမံချက် (၂၀၂၃-၂၀၂၇) ပြုစုရေးဆွဲခဲ့ပြီးဖြစ်ကြောင်း နှင့် အဆိုပါလုပ်ငန်းစီမံချက်ကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် မြောက် ဘင်းမ်စတက်စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့မှုအပေါ် ကြိုဆို ပါကြောင်း၊ ဘင်းမ်စတက်ဒေသတွင်း စားရေရိက္ခာ ဖူလုံရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင် စေရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ က ဦးဆောင်ကျင်းပခဲ့သည့် "ဘင်းမ်စတက် စားရေ ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သည့် စားရေရိက္ခာ စနစ်များဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲ"ကို အဖွဲ့ဝင် နိုင်ငံအားလုံး၏ ပါဝင်တက်ရောက်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်းကိုလည်း ပြောကြားသည်။






ထို့အပြင် ဒုတိယဝန်ကြီးကဘင်းမ်စတက် မူဘောင်အောက်ရှိ ကတိကဝတ်များနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် လိုအပ်သကဲ့သို့ ဘင်းမ်စတက် ပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အခြေခံမူများကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံး က အလေးထားလိုက်နာကျင့်သုံးရန် အရေးကြီးမှုကို လည်း ထပ်လောင်းပြောကြားသည်။

အစည်းအဝေး၌ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မတ် ၈ ရက်တွင် ထိုင်းနိုင်ငံက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် (၂၃)ကြိမ် မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာကို ဆွေးနွေးအတည် ပြုခဲ့ကြသည်။ ဝန်ကြီးများသည် ဘင်းမ်စတက် ဗန်ကောက်ရည်မှန်းချက် (၂၀၃၀)၊ ဘင်းမ်စတက် ယန္တရားအသီးသီးအတွက် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများ၊ ဘင်းမ်စတက်အနာဂတ် ဦးတည်ချက်များဆိုင်ရာ ဘင်းမ်စတက် ထင်ပေါ် ကျော်ကြားပညာရှင်များအဖွဲ့အတွက် စည်းမျဉ်း စည်းကမ်းများ၊ ပြန်လည်ဖွဲ့စည်းထားသည့် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် ကဏ္ဍခွဲများအောက်တွင် ပင်လယ်ပြင်အခြေပြု စီးပွားရေး၊ တောင်တန်းဒေသအခြေပြု စီးပွားရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍများ ထည့်သွင်း ဖွဲ့စည်းရေးတို့အပါအဝင် ဘင်းမ်စတက်သဘော တူညီချက်များနှင့် အခြားအရေးကြီးစာရွက်စာတမ်း များကို အတည်ပြု/ထောက်ခံခြင်းတို့ကို ဆောင်ရွက် ခဲ့ကြသည်။ ထို့အပြင်ဝန်ကြီးများသည် (၁၉) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်ကို အဖွဲ့ဝင် နိုင်ငံအားလုံး၏ တူညီဆန္ဒဖြင့် အတည်ပြုနိုင်ခဲ့သည်။

**သတင်းစဉ်**



# လူဦးရေစာရင်းများအား အီလက်ထရွန်နစ်မှတ်ပုံတင်ရေးဦးစီးဌာန၏ e -ID server အတွင်းသို့ စာရင်းထည့်သွင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကျိုက်မရော မတ် ၉**

မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ် ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သွင်သည် ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်မရောမြို့နယ် ဦးစီးမှူးရုံး၌ မြေပြင် ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် လူဦးရေစာရင်းများအား အီလက်ထရွန်နစ် မှတ်ပုံတင်ရေးဦးစီးဌာန၏ e-ID Server အတွင်းသို့ စာရင်းထည့်သွင်းခြင်းလုပ်ငန်း များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ် ဦးစီးမှူးက စာရင်းဇယားများအား e -ID Server အတွင်းသို့ အချက်အလက် ပြည့်စုံ မှန်ကန်စွာ ထည့်သွင်းဆောင်ရွက်ရန်နှင့် မှတ်တမ်းများ စနစ်တကျထားရှိ၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန် မှာကြားခဲ့သည်။

ထို့နောက်မြို့နယ်လဝကရုံး ကွန်ပျူတာ ခန်း၌ ဝန်ထမ်းများက e-ID Server အတွင်းသို့ စာရင်းများထည့်သွင်း ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးအရာရှိ ဦးကိုကိုလွင်က လုပ်ငန်းဆောင်ရွက်နေမှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အင်းယားမြိုင်လမ်း အလယ်တောရစံပြစာသင်တိုက်၏ သာသနာ့မြေပေါ်ရှိ ဆောက်လုပ်ဆဲ ဓမ္မဝိဇယသာသနာ့ဗိမာန်တော် RC လေးထပ် အဆောက်အအုံအတွက် လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း

ပွင့်တော်မူပြီးသော ဗုဒ္ဓမြတ်စွာဘုရားအဆူဆူတို့သည် “ဝိဟာရဒါနံ သံဃဿ၊အဂ္ဂံဗုဒ္ဓေန ဝဏ္ဏိတံ”၊ (ကျောင်း၊ ဗိမာန်လှူဒါန်းခြင်းသည် အမြတ်ဆုံးအလှူဒါနဖြစ်သည်)ဟု ချီးမွမ်းတော်မူခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားအဆူဆူတို့၏ ဒေသနာတော်နှင့်အညီ “ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ” ဟူသော သာသနာတော် သုံးရပ်အရှည်တည်တံ့ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ပိုင် အလယ်တောရစံပြစာသင်တိုက် မြေပေါ်တွင် ဓမ္မဝိဇယသာသနာ့ ဗိမာန်တော် RC လေးထပ် အဆောက်အအုံကို မြေအကျယ် သုည ဒသမ ၆၈၈ ဧကပေါ်တွင် အလျား ၁၀၉' ၆"၊ အနံ ၄၆' ၆"၊ အဆောက်အအုံအမြင့် ၅၀'၊ ပြာသာဒ်အဆောင် ၂၁' ၆" စုစုပေါင်း ၇၁' ၆" ဖြင့် ဆောက်လုပ်လျက်ရှိရာ ဤဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ပြီးစီးပါက သာသနာပြုလုပ်ငန်းများကို ဤဗိမာန်တော်ကြီးတွင် ဆောင်ရွက်သွားမည် ဖြစ်သည်။



အဆိုပါ သာသနာ့ဗိမာန်တော်ကြီး အပြီးသတ်ဆောက်လုပ်နိုင်ရေးအတွက် သဒ္ဓါတရား လက်ကိုင်ထားကာ ကျောင်းဗိမာန် ဒါယကာ၊ ကျောင်းဗိမာန် ဒါယိကာမအဖြစ် ခံယူနိုင်ရန် တတ်စွမ်းသမျှ မြတ်ဒါနကို KBZ BankA/CNo.23132603400117001 သို့ လှူဒါန်းပေးနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ အာလဝီကုန်းရပ်၊ အလ၀-၁၃ တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ၏ အလံပုံစံ**



**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် ထုတ်ပေးမှု ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၌ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (Overseas Worker Identification Card-OWIC) ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပြည်ပအလုပ်အကိုင်ရှာဖွေသူများအနေဖြင့် ပြည်ပသို့ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရေး၊ ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့် နည်းပညာများ၊ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ရေး၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေး၊ အခက်အခဲရှိပါက ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများနှင့် အလုပ်သမားသံအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ OWIC ကတ် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး ကြေးမုံသတင်းစာတွင် ဖေဖော်ဝါရီ ၂၅ ရက်က အသိပေးကြေညာခဲ့ပြီးဖြစ်ရာ စနစ်တကျ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။



OWIC ကတ်ကို သက်တမ်း ငါးနှစ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျ မှတ်ပုံတင်ထားရှိရေး၊ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများရရှိရေး၊ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာလုပ်သားများ အကူအညီတောင်းခံလာပါက အချက်အလက်များကို စစ်ဆေး၍ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံအလိုက် လုပ်သားထွက်ခွာမှု စာရင်းများမှတစ်ဆင့် လိုအပ်သည့် မူဝါဒများ ရေးဆွဲချမှတ်နိုင်ရေးအတွက် Data Server တွင် အချက်အလက်များ သိမ်းဆည်း၍ ထုတ်ပေးလျက်ရှိသည်။

ယခင်က ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် OWIC ကတ်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနစု (မြောက်ဒဂုံ)၊ ပင်လုံခန်းမ၊ ၄၃ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ အစီအစဉ်ဖြင့် စေလွှတ်သည့် အလုပ်သမားများနှင့် မိမိအစီအစဉ်ဖြင့် သွားရောက်လုပ်ကိုင်သူများအတွက် ထုတ်ပေးခဲ့ပြီး ပိုမိုအဆင်ပြေချောမွေ့စေရေး မိမိအစီအစဉ်ဖြင့် လျှောက်ထားသည့် အလုပ်သမားများအတွက် မတ် ၆ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၈ မိုင်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၌ ပြောင်းလဲထုတ်ပေးလျက်ရှိသည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အေဂျင်စီ အစီအစဉ်နှင့် မိမိအစီအစဉ်ဖြင့် ထွက်ခွာသူ၊ ခွင့်ဖြင့်ပြန်လာသူ၊ PR ကိုင်ဆောင်သူများကို ထိုင်းနိုင်ငံသို့ ၁၂၀၀၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ၂၄၀၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ ၈၈၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ ၁၅၅၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ ၃၉၉၀၀ ကျော် အပါအဝင် ပြည်ပနိုင်ငံ ၈၂ နိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမား ၂၁၆၀၀၀ ကျော်ကို OWIC ကတ်ဖြင့် စေလွှတ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# လောင်စာဆီသုံးစွဲမှုကို ရာနှုန်းပြည့် လျှော့ချနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့၊ နိုင်ငံအနေနဲ့ပါ စရိတ်ကုန်ကျမှု အမှန်တကယ် လျှော့ချလာနိုင်မှာ ဖြစ်တယ်

ကိုမိုးသန့်

**EV Charging Station များကို Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ Pilot Project အနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ EV Charging Station များကို မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး EV ကားများ၏ အားသာချက်၊ အားနည်းချက်များအပေါ် ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင် အချို့၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**



**ဦးမောင်မြင့်(ယာဉ်မောင်းသူ)**
**ရန်ကုန်မြို့**

EVကားတွေရဲ့ အားသာချက်က အဓိကကတော့ ကုန်ကျစရိတ်ပေါ့။ EV နဲ့ Taxi ဆွဲရတာ ဆီဖိုးလုံးဝမကုန်တော့ အခုလို ဆီဈေးတွေတက်နေတဲ့ အချိန် နေ့စဉ် ကုန်ကျစရိတ်က ပုံမှန်ထက် ၈၀ ရာခိုင်နှုန်းလောက်ကို သက်သာသွားတော့ ကျွန်တော်တို့ Taxi သမားတွေအတွက် ပိုကိုက်တာပေါ့။ အရင်ကဆို EV ကားဆိုတာကို လုံးဝစိတ်မဝင်စားဘူး။ တချို့ပြောနေကြသလို မီးပျက်လို့ အားသွင်းလို့မရမှာ၊ အလွယ်တကူ အားသွင်းလို့ မရနိုင်မှာတွေကို စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် အခုက ကျွန်တော်တို့နိုင်ငံမှာလည်း Charging Station တွေက ထင်ထားတာထက် ပိုပြီးမြန်မြန်ဆန်ဆန် ပြီးစီးသွားတယ်။ အားသွင်းဖို့ကလည်း DC Fast Charging တွေဆိုတော့ လွယ်ကူမြန်ဆန်တယ်။ တကယ့်ကို အားရပါတယ်။

ပြီးတော့ ဓာတ်ဆီ၊ ဒီဇယ်ကားနဲ့ ကွာခြားမှုက ပြုပြင်ထိန်းသိမ်းစရိတ်။ အခု EV ကားတွေမှာက ဆီကားတွေလို အင်ဂျင်ဝိုင်လဲလှယ်စရာမလိုဘူး။ filter တွေ လဲရတာမျိုးလည်း မရှိတော့ဘူး။ ယာဉ်မောင်းသူအတွက် ကုန်ကျစရိတ်က ဘာမှကို သိပ်မရှိတာပါ။ ပြီးတော့ Engine မပါတဲ့အတွက် ကားမောင်းရတာ စက်သံမကြားဘဲ အသံကလုံပြီး တိတ်ဆိတ်တယ်။ အဲဒီတစ်ချက်ကလည်း ဆီကားနဲ့ လုံးဝကို သိသိသာသာကွာခြားတယ်။ ကျွန်တော်ကတော့ အဲဒီအချက်ကို တော်တော်ကြိုက်တယ်။ ကျွန်တော် ပြောခဲ့သလိုပဲ နေ့စဉ်ကုန်ကျစရိတ်က ဆီကားတွေထက် ၈၀ ရာခိုင်နှုန်းလောက် သက်သာသွားတော့ ကျွန်တော်တို့အတွက် ဝင်ငွေပိုရတယ်။ မိသားစုအတွက် ပိုကောင်းတာပေါ့ဗျာ။

**ဝေယံ(ယာဉ်မောင်းသူ)**
**ရန်ကုန်မြို့**

ကျွန်တော်ကတော့ စမ်းသပ်ပြီး EV ကားနဲ့ အလုပ်လုပ်ကြည့်ပြီးပါပြီ။ ကုန်ကျစရိတ် နည်းသွားတော့ ကျွန်တော့်အတွက်လည်း စီးပွားရေးအရ ကိုက်ပါတယ်။ ကျွန်တော်က အရင်က ဆီကား Taxi မောင်းတယ်။ အခု EV ကား မောင်းတယ်။ ဘာပဲပြောပြော EV ကားတွေက အသစ်တွေဆိုတော့ ယာဉ်မောင်းအတွက်လည်း ကုန်ကျစရိတ်နည်းတယ်။ ကားငှားစီးတဲ့သူအတွက်လည်း ဆီကားနဲ့စာရင် ဈေးနှုန်းသက်သာတယ်။EV ကားမောင်းဖို့ ဘယ်လို လုပ်ရသလဲဆိုတော့ EV ကား Company တွေနဲ့ ချိတ်ဆက်တယ်။ အခု NPK Motors နဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ စာရွက်စာတမ်းတွေပေးပြီး မောင်းနှင်တာပါ။ အခုလို ကျွန်တော်တို့လို Taxi သမားတွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ အတွက်လည်း NPK Motors Co.,Ltd ကို ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အမြင်ပြောရရင်တော့ ကျွန်တော်က Taxi မောင်းနှင်သူတစ်ယောက်အနေနဲ့ ကုန်ကျစရိတ် လုံးဝကိုသက်သာလို့ သဘောကျတယ်။ အခု NPK Motors Co.,Ltd ကနေ မြန်မာပြည်ရဲ့ ပထမဆုံး MG EV Charging Station ကို တာဝန်ယူဆောက်လုပ်ပေးတာ တွေ့ရတယ်။ နောင်လည်း မြန်မာပြည်နေရာအနှံ့မှာ နောက်ထပ် Charging Station တွေ အမြန်ဆုံး ဆောက်လုပ်ပြီးစီးသွားဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်ကတော့ မြန်မာပြည်ကို EV ကားတွေ ဝင်လာတာကို ကြိုဆိုပါတယ်။

**ကိုမိုးသန့်(ရန်ကုန်)**
**EV ကားဝယ်ယူသူ**

အခုဆို မြန်မာနိုင်ငံမှာ EV ကားတွေအကြောင်း တော်တော်များများ သိလာကြတယ်။ လျှပ်စစ်သုံး ယာဉ်တွေမှာ အဓိကမောင်းနှင်ဖို့ အသုံးပြုတဲ့ မော်တာက ဆီကားတွေရဲ့ အင်ဂျင်နဲ့ နှိုင်းယှဉ်လို့ရှိရင် စွမ်းဆောင်ရည်ပိုမိုမြင့်မားပြီးတော့ စွမ်းအင်သုံးစွဲမှုလည်း လျော့နည်းတယ်။ EV အသုံးပြုခြင်းအားဖြင့် ကာဗွန်ထုတ်လုပ်မှုကိုလည်း အများကြီး လျှော့ချပေးနိုင်တယ်။ လောင်စာဆီ သုံးစွဲမှုကို ရာနှုန်းပြည့်လျှော့ချနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့၊ နိုင်ငံအနေနဲ့ပါ စရိတ်ကုန်ကျမှု အမှန်တကယ်လျှော့ချလာနိုင်မှာ ဖြစ်တယ်။

အဓိကတော့ ဆီကားထက် အားသာမှုရှိတယ်။ တင်သွင်းတဲ့ ကုမ္ပဏီတွေကလည်း များပါတယ်။ ကျွန်တော်လည်း EV ကား သဘောကျလို့ ဝယ်ဖြစ်တာပါ။ အဲဒီထဲကမှ ကျွန်တော်က MG ကို ရွေးဖြစ်တယ်။ ကျွန်တော်တို့လို ဝယ်ယူသူ စဉ်းစားတာက ကိုယ်သုံးလိုက်ရတဲ့ ပိုက်ဆံတွေကို အလကားမဖြစ်ချင်ဘူး။ ကားဝယ်ပြီး စိတ်ပူနေရတာမျိုး မဖြစ်ချင်ကြဘူး။ ရေရှည်အသုံးခံချင်တယ်။ ဒါကြောင့် လေ့လာကြည့်တယ်။ အင်တာနက်ကနေလည်း တခြားနိုင်ငံမှာ အသုံးပြုတာတွေ လေ့လာကြည့်တယ်။ လေ့လာပြီးတော့မှ MG Brand သဘောကျလို့ ရွေးချယ်ဝယ်ယူထားပါတယ်။ EV နည်းပညာတွေနဲ့ ပတ်သက်ပြီးလည်း MG က ပြည်တွင်းရော ပြည်ပမှာပါ သေချာထရိန်နင်တွေလုပ်နေကြ၊ ပြင်ဆင်နေကြတာတွေ့တော့ ကားတွေ ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းမှာ စိတ်ချရမယ်လို့ထင်တယ်။

ကျွန်တော်တို့လို အသုံးပြုသူတွေ အဆင်ပြေဖို့ တစ်ဖက်က EV ကားတွေအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ Charging Station တွေကို အရင်ဆုံး မြန်မြန်ဆန်ဆန် ဆောက်လုပ်နေတဲ့အတွက် ပိုဝမ်းသာရတာပေါ့ဗျာ။ EV ကားစီးရမှာ လူတွေ ကြောက်ကြတဲ့ အဓိကအချက်က အားသွင်းလို့မရမှာ၊ အခုက Charging Station အမြန်ဆုံးပေါ်လာမှာ ဖြစ်တဲ့အတွက် စိတ်ပူစရာမလိုတော့ဘူး။

**မယမုံဦး**
**Marketing Manager**
**NPK Motors, MG Myanmar**

ကျွန်မတို့ MG Myanmar အနေနဲ့က အရင်ကတည်းကလည်း Brand New အင်ဂျင်ကားတွေကို ခိုင်ခိုင်မာမာနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ Official Authorize Dealer အနေနဲ့ တင်သွင်းရောင်းချလာခဲ့တာမှာ မြန်မာပြည်သူ ပြည်သားတွေကြားမှာလည်း တော်တော်လေး လူကြိုက်များ အောင်မြင်ခဲ့ပါတယ်။ အခုဆိုရင်လည်း EV လျှပ်စစ်ကားတွေဆိုတာ တစ်ကမ္ဘာလုံးက အရှိန်အဟုန်နဲ့ပြောင်းလဲလာကြတဲ့ပေါ် မြန်မာနိုင်ငံအနေနဲ့လည်း အပါအဝင်ဖြစ်ပါတယ်။ ဒီလိုအနေအထားမှာ ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်မှုနဲ့ မူဝါဒတွေအတိုင်း စနစ်တကျလိုက်နာပြီး မြန်မာနိုင်ငံနဲ့ အထူးသင့်တော်မယ့် MG EV ကားတွေကို တင်သွင်းရောင်းချဖို့ ရှိလာခဲ့တယ်။ ကျွန်မတို့ MG Myanmar ကတော့ ခိုင်မာသေချာတဲ့ Brand တစ်ခုဖြစ်တာနဲ့အညီ ကားရောင်းတယ်ဆိုတဲ့အပိုင်းမှာ ကားရောင်းတာတင်မကဘူး၊ ဝယ်သူတွေကို Service ပါ ရောင်းတာပါ။ ဒါကြောင့် စိတ်ကြိုက်လာရောက်လေ့လာကြည့်ပါ။

EV ကို သုံးစွဲကြမယ့်သူတွေကို စိတ်ပူစရာမလို အဆင်ပြေအောင် ကောင်းမွန်ပြည့်စုံတဲ့ ဝယ်ယူနိုင်မှုပုံစံတွေ၊ Aftersales Service တွေ၊ Warranty တွေ၊ EV Fast Charging Station တွေကိုလည်း စနစ်တကျ အကုန်အကျခံ ရင်းနှီးတည်ဆောက်ပြီး ဝယ်ယူသူတွေ လက်ထဲကို စိတ်ချမ်းချမ်းသာသာနဲ့ ဝယ်ယူနိုင်အောင် တင်သွင်းရောင်းချပေးမှာပဲ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ လက်ရှိမှာ EV သုံးစွဲကြမယ့်သူတွေ အဆင်ပြေစေဖို့ မြို့ကြီးတွေမှာ DC Fast Charging Station ကြီးတွေ ဆောက်လုပ်ပေးနေတယ်။ တင်သွင်းရောင်းချမယ့် EV Brand New ကားတွေကိုလည်း ပစ္စည်းကွာလတီကောင်းကောင်း၊ သင့်တော်တဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးမယ့်အပြင် ဝယ်ယူပြီးနောက်ပိုင်း သုံးစွဲသူတွေ စိတ်ပူစရာ မရှိရစေမယ့် ခိုင်မာတာဝန်ယူမှုရှိတဲ့ Warranty တွေ၊ Aftersales Service တွေကိုလည်း စနစ်တကျ ခိုင်ခိုင်မာမာရှိနေဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။

**ဦးသက်အောင်နိုင်(ယာဉ်မောင်းသူ)**
**နေပြည်တော်**

ကျွန်တော်က နေပြည်တော်မှာ EV Taxi မောင်းနှင်တဲ့သူတစ်ဦးပါ။ ပထမဆုံး EV Taxi မောင်းရတဲ့ အတွေ့အကြုံကတော့ ဆီကားနဲ့စာရင် အားသာချက်များတယ်လို့ ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဆီဈေးနှုန်းက မြင့်နေရင် ဆီကားမောင်းတဲ့သူအတွက်၊ စီးရတဲ့သူအတွက်က ဈေးနှုန်းက သိသာပါတယ်။ ဒီဟာတွေကို ကျော်လွှားဖို့က EV ကားတွေက အဖြေပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တစ်ဖက်က အထောက်အကူပြုတော့ စိတ်ဝင်စားမှုများတယ်။

အခုက နေပြည်တော်မှာ NPK Motors ကုမ္ပဏီပိုင်ကနေ အငှားမောင်းတာပါ။ DC Fast Charging Station ကြီးတွေ အလျင်အမြန် လုပ်ပေးနေတော့ သူများနိုင်ငံတွေလို ကျွန်တော်တို့ဆီမှာလည်း EV ကားတွေ တွင်ကျယ်လာမှာပါ။ တစ်ဖက်ကလည်း ကားတစ်ခုခုချို့ယွင်းမှုရှိခဲ့ရင် Service ပေးနိုင်မယ့် လျှပ်စစ်ကားပြုပြင်ထိန်းသိမ်းရေး နေရာတွေလည်း တစ်ပြိုင်တည်း ပေါ်လာရင် သုံးစွဲသူတွေအတွက် အကောင်းဆုံး ဖြစ်လာမှာပါ။ နယ်မြို့တွေအထိပါ တွင်တွင်ကျယ်ကျယ်လုပ်ပေးရင် သုံးကြမယ့်သူ အများကြီးပါ။

**တွေ့ဆုံမေးမြန်း - အောင်မင်းဟန်**

အခုဆို မြန်မာနိုင်ငံမှာ EV ကားတွေအကြောင်း
တော်တော်များများ သိလာကြတယ်။
လျှပ်စစ်သုံးယာဉ်တွေမှာ အဓိကမောင်းနှင်ဖို့ အသုံးပြုတဲ့
မော်တာက ဆီကားတွေရဲ့ အင်ဂျင်နဲ့ နှိုင်းယှဉ်လို့ရှိရင်
စွမ်းဆောင်ရည်ပိုမိုမြင့်မားပြီးတော့ စွမ်းအင်သုံးစွဲမှုလည်း
လျော့နည်းတယ်။ EV အသုံးပြုခြင်းအားဖြင့်
ကာဗွန်ထုတ်လုပ်မှုကိုလည်း
အများကြီး လျှော့ချပေးနိုင်တယ်။

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝင်းမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၉

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝင်းမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါက်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် ညောင်ဝင်းမြောက်ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာစာသင်ကျောင်းအနီးတစ်ဝိုက်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်းဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်သေနတ် ၁၀ လက်၊ လက်လုပ်မိုင်း ၁၄ လုံး၊ လက်လုပ်ကျည်အိမ် သုံးခု၊





PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ကျည်မျိုးစုံ ၈၈ တောင့်၊ လက်လုပ်ဗုံးသီး ၁၈ လုံး၊ ဝရိန်စက် တစ်လုံး၊ ကျောက်ဖြတ်စက်တစ်လုံး၊ လွန်စက်တစ်လုံး၊ ဒီတိုနေတာသုံးခု၊ ဆိုင်ကယ်မျိုးစုံ ခြောက်စီးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆီ ၁၀ ပိဿာနှင့် ဆန်ခြောက်အိတ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ကလေးငယ်များ ပညာသင်ကြားရာစာသင်ကျောင်း၌ လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားသည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး၊ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Cookie မုန့်များတွင် ဆေးခြောက်များထည့်၍ ရောင်းချသည့်တရားခံများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၉

လူငယ်လူရွယ်များနှင့် ကျောင်းသား ကျောင်းသူများသည် လူသားအရင်းအမြစ်၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်ပြီး နိုင်ငံ့အနာဂတ်အတွက် အလွန်အရေးပါသည့် မျိုးဆက်သစ်ကြယ်ပွင့်လေးများဖြစ်သည်။ သို့ဖြစ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းနေမှုကို မလိုလားသည့် အကြမ်းဖက်အုပ်စုများသည် နိုင်ငံ၏မျိုးဆက်သစ်လူငယ်များကို လမ်းမှားရောက်စေပြီး လူညွန့်တုံးစေရန်အတွက် လူငယ်လူရွယ်များနှင့် ကျောင်းသား ကျောင်းသူများကို အဓိကပစ်မှတ်ထားကာ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချမှုများ ပြုလုပ်လာကြသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် မိသားစုတွင် စီးပွားရေး၊ လူမှုရေးအခက်အခဲများဖြစ်ပေါ်စေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာနိုင်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာမူဝါဒများချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။



ဇော်လင်းနောင်။



ထက်ရတနာစိုး။

မတ် ၈ ရက် ညနေပိုင်းတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုလိုလားသည့် ပြည်သူများ၏သတင်းပေးပို့ချက်အရ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက် (၁၆)လမ်း တိုက်အမှတ်(၁၂၆) ရှစ်လွှာရှိ တိုက်ခန်းအား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ထက်ရတနာစိုး ၂၄ နှစ်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ လမ်းမတော်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗဟိုရ်စည်အိမ်ရာဝင်း တိုက်အမှတ်(၄၀) သုံးလွှာရှိ အခန်း(၁၄)တွင် ဇော်လင်းနောင် ၂၁ နှစ်အား ဆေးခြောက်အမှုန့် ၁၀၉ ဂရမ်၊ ဆေးခြောက်ထည့်သွင်းပြုလုပ်ထားသည့် Cookie မုန့် အခု ၅၀၊ ဆေးခြောက်ရှူရာတွင် အသုံးပြုသည့် ဆေးဂေါက်တံ တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် တရားမဝင် ပေါင်းသင်းနေထိုင်သူများဖြစ်ပြီး Cookie မုန့်များအတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာ အွန်လိုင်းမှတစ်ဆင့် ရောင်းချခဲ့ကြောင်း၊ ဆေးခြောက်ထည့်သွင်းမှု အနည်း/ အများပေါ်မူတည်၍ Cookie မုန့် တစ်ခုလျှင် ငွေကျပ် ၆၀၀၀ မှ ငွေကျပ် ၁၀၀၀၀ ထိ ရောင်းချကြောင်း၊ ဆေးခြောက်များအား အွန်လိုင်းမှတစ်ဆင့် မြဝတီဘက်မှ မှာယူ၍ ခရီးသည်တင်ယာဉ်များဖြင့် သယ်ဆောင်ရယူခဲ့ကြောင်း၊ ၎င်းတို့ရောင်းချသည့် Cookie မုန့်များအား လူကြိုက်များစေရန်နှင့် လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး သုံးစွဲလာစေရန် ရည်ရွယ်၍ ရက်စက်ယုတ်မာသည့်အကြံဖြင့် Cookie မုန့်များအတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ Cookie မုန့်များအား ဝယ်ယူစားသုံးသူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို များစွာပျက်စီးစေနိုင်ပြီး စတင်စားသုံးစဉ် ခွန်အားများတိုးပွားလာကာ အိပ်ချင်စိတ်များ ပြေပျောက်သည်ဟု မှားယွင်းစွာထင်မြင်နေသော်လည်း နောက်ပိုင်းတွင် စားချင်စိတ်နည်းပါးလာပြီး ကိုယ်အလေးချိန်ကျဆင်းလာခြင်း၊ ကြွက်သားတောင့်တင်းလာခြင်း၊ အသက်ရှူမြန်လာခြင်း၊ အာရုံစူးစိုက်မှုနည်းလာခြင်း၊ မှတ်ဉာဏ်ယိုယွင်းလာခြင်း၊ စိတ်တိုဒေါသထွက်ခြင်းများ ဖြစ်ပေါ်လာသည့်အပြင် စားသုံးသည့်ကာလကြာလာသည်နှင့်အမျှ နောက်ထပ်မစားရလျှင် မနေနိုင်အောင် စိတ်ရောကိုယ်ပါစွဲလမ်းမှုကို ဖြစ်ပေါ်လာပြီး စိတ်ချောက်ချားခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဖျားနာလာခြင်း၊ ဦးနှောက်အတွင်း သွေးယိုခြင်း၊ အသက်ရှူကျပ်လာခြင်း၊ နှလုံးခုန်ရပ်ခြင်းများဖြစ်လာကာ နောက်ဆုံး ရုတ်တရက်သေဆုံးသည်အထိ ဆိုးကျိုးများကို ခံစားရသည်။

သို့ဖြစ်၍ မိမိကိုယ်ကျိုးစီးပွားအတွက် လူငယ်လူရွယ်များအား လမ်းမှားသို့ ရောက်ရှိစေရေးရည်ရွယ်ချက်ဖြင့် Cookie မုန့်များအတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာ ရောင်းချခဲ့သည့် တရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံသားအားလုံးမှ ကိုယ်စီတာဝန်ရှိစွာနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**





မတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ Cookie မုန့်များတွင် ဆေးခြောက်များထည့်၍ ရောင်းချသည့် တရားခံများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများ။

# ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၉

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည့် လက်နက်ကြီးဗုံးသီးမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျေးရွာနေ ဒေါ်စန်းငွေး ၅၀ နှစ်နှင့် ဒေါ်မော်မော်အေး ၄၆ နှစ်တို့တွင် လက်နက်ကြီး ဗုံးသီးစ ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်လျက်ရှိသော ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာ၌ Fancy လက်မှုထည် ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ကျန်းမာရေး၊ လုံခြုံရေးဆောင်ရွက်ပေးမှုဆိုင်ရာတို့အား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ပြုလုပ်သော တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Fancy လက်မှုထည် ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများနှင့် နည်းပြထံ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ သင်ကြားမှုအခြေခံပစ္စည်းများနှင့် နမူနာပုံစံများကို ကြည့်ရှုအားပေးသည်။

အဆိုပါ Fancy လက်မှုထည်ထုတ်လုပ်နည်းသင်တန်းကို ရက်သတ္တပတ်အကြာ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၉ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့အားကစားကွင်းအတွင်း နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်-ရုံးသာ ကျေးရွာသွားကားလမ်းရှိ သံကူသစ်သားတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်-ရုံးသာကျေးရွာသွားကားလမ်းရှိသံကူသစ်သားတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်-ရုံးသာကျေးရွာသွား မြေသားကားလမ်းရှိ သံကူသစ်သားတံတား/ ပွန်ကြီးတံတား(ဒေသအခေါ်)အား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားတစ်စင်းလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သွားလာ၍မရကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားကို တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အများပြည်သူဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိသည့် တံတားကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့၌

## မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေး

ပဲခူး မတ် ၉

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ မျက်ခမ်းနှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး (၄)မှ မြို့နယ်များသို့ ကွင်းဆင်းကာ မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိစမ်းသပ်ပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ နေကာမျက်မှန်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ပဲခူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း မျက်စိကုဌာန၌ ကဝမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၆၁ ဦးတို့အား လည်းကောင်း၊ ဒိုက်ဦးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၉၇ ဦးအား လည်းကောင်း ခွဲစိတ်ကုသပေးခဲ့ပြီး လိုအပ်သော နေကာမျက်မှန်နှင့် ဆေးဝါးများကိုပါ အခမဲ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၃၀၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၃၀၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၀ | ၂၁၁၄ |
| 95 Ron | ၂၁၂၁ | ၂၁၉၇ |
| HSD (500 ppm) | ၂၀၆၆ | ၂၁၃၇ |
| HSD (50 ppm) | ၂၁၄၀ | ၂၂၁၃ |
| HSD (10 ppm) | ၂၁၄၀ | ၂၂၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၃ | ၃ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၈၉ ခန်း | ၃၆၆ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၂ စုံ | ၃၄၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက် ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့် လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...
❖ ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများကြောင့် ဒေသတွင်း ရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြင့်လာမည်ဖြစ်...
❖ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...
❖ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...
❖ ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၈/၂၀၂၂)တွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဘိုင်ယန်မြူးနစ်အသင်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် တက်လှမ်း


ဘိုင်ယန်မြူးနစ်အသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ မတ် ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ပီအက်စ်ဂျီအသင်းရဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ယခု ဒုတိယအကျော့မှာ ပွဲကစားချိန် ၆၁ မိနစ်မှာ ချူပိုမိုတင်ရဲ့သွင်းဂိုး၊ ၈၉ မိနစ်မှာ ဂျီနာဘရီရဲ့ သွင်းဂိုးတို့ ရရှိခဲ့လို့ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

## MNL ပြိုင်ပွဲတွင် မြဝတီအသင်း ပထမဆုံးနိုင်ပွဲရပြီး မဟာနှင့် ရတနာပုံ သရေကျ

ရန်ကုန် မတ် ၉

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ပထမနေ့ကို မတ် ၉ ရက်က ဆက်လက်ကျင်းပရာ မြဝတီအသင်း ပထမဆုံးနိုင်ပွဲရပြီး မဟာယူနိုက်တက်နှင့် ရတနာပုံအသင်း သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရှေဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နိုင်ပွဲမရသေးသည့်နှစ်သင်းမှာ ပထမဆုံးနိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် မြဝတီအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○

### ယနေ့ ဖတ်စရာ



အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု
ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့၌ ပြတ်တောက်သွားသော လက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်
စာမျက်နှာ » ၇

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၁ ဦးရှိ
စာမျက်နှာ » ၈